မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ်(၉၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ဦးစားပေးဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်တစ်ဝန်းလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ကာ ဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့်ကျေးလက်ဒေသများဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

လုံခြုံရေးအခြေအနေကြောင့် ဖွံ့ဖြိုးမှုနှေးကွေးခဲ့သည့် နယ်စပ်ဒေသများတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးခဲ့သည်။ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍအသီးသီးမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

နည်းပညာတက္ကသိုလ် (ကလေး)

ပညာသင်ယူမှု အခွင့်အလမ်းများ တစ်ပြေးညီ ပွင့်လန်း လာစေရေးအတွက် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က ဖွင့်လှစ်ခဲ့သော သွေးချင်းတို့ဒေသ စစ်ကိုင်းတိုင်း ကလေးမြို့မှ နည်းပညာ တက္ကသိုလ် (ကလေး) သုံးထပ်ကျောင်းဆောင်သစ်ကြီး၏ ညအလှမြင်ကွင်း။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

➢ ကိုယ်ပိုင်အတွေးနှင့် ရေးထိုးရမည့် အနာဂတ်ကမ္ဘည်းများ

ကြယ်စင်နိုင်၏ ဆောင်းပါး စာ - ၈

➢ လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

ပန်းတောင်းသန်းကြွယ်၏ ကဗျာ စာ - ၉

➢ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

စာ - ၉

➢ လွတ်လပ်မော်ကွန်းရှည်ပါစေ

နေခြည်အေးအောင်၏ ကဗျာ စာ - ၂၀

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက် ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက်ရေး လမ်းပန်းဆက်သွယ်မှု တိုးမြှင့်ဖော်ဆောင်

ကွန်ကရစ် ဇလီဖားစက်ရုံ(မုတ္တမ) ဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့ရှိ အဆိုပါစက်ရုံ၌ ၂၀၀၈ခုနှစ် ဒီဇင်ဘာလ ၂၈ရက်နေ့က ကျင်းပခဲ့သည်။

ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် နိုင်ငံတော်အတွင်း ဒေသတစ်ခုနှင့်တစ်ခုအကြား ဆက်သွယ်သွားလာနိုင်မည့် ရထားလမ်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီဖောက်လုပ်ခဲ့ရာ စက်ရုံမှထွက်ရှိသည့် ကွန်ကရစ်ဇလီဖားများသည် တစ်ထောင့်တစ်နေရာမှ အားဖြည့်ပါဝင်နိုင်တော့မည် ဖြစ်သည်။

ယခုဖွင့်လှစ်သော ကွန်ကရစ်ဇလီဖားစက်ရုံကြီးသည် လမ်းပန်းဆက်သွယ်မှုတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရထားလမ်းဖောက်လုပ်ခြင်း၌ လိုအပ်သော ဇလီဖားများကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ လမ်းပန်းဆက်သွယ်မှု အထောက်အကူပြုမည့် စက်ရုံတစ်ရုံဖြစ်သည်။

ကွန်ကရစ်ဇလီဖားသည် သက်တမ်းနှစ်၆၀ဖြစ်ပြီး ခံနိုင်ရည်တစ်စတုရန်းလက်မတွင် ပေါင်၇၀၀၀ ဖြစ်သည်။ သစ်သားဇလီဖားသည် သက်တမ်းသုံးနှစ်ဖြစ်ပြီး ခံနိုင်ရည်တစ်စတုရန်းလက်မတွင် ပေါင်၈၀၀ ဖြစ်သည်။ ကွန်ကရစ်ဇလီဖားသည် သစ်သားဇလီဖားထက် သက်တမ်းအားဖြင့် အဆ၂၀၊ ခံနိုင်ရည်အားဖြင့် ကိုးဆဖြစ်၍ သစ်သားဇလီဖားတုံးအစား ကွန်ကရစ်ဇလီဖားတုံးများ အစားထိုးသုံးစွဲနိုင်ရေးကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

တိုးတက်လာမည့် ရထားလမ်းသစ်များသည် တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံး နှစ်သိန်းစီ ထုတ်လုပ်နိုင်မည့် ကွန်ကရစ်ဇလီဖားစက်ရုံသုံးရုံကို စစ်ကိုင်းတိုင်း ခင်ဦးမြို့၊ မကွေးတိုင်း ပခုက္ကူမြို့နှင့် ပဲခူးတိုင်း ဥသျှစ်ပင်မြို့တို့၌ ထပ်မံတည်ဆောက်လျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ကွန်ကရစ်ဇလီဖားစက်ရုံ(မြစ်ငယ်)၊ ကွန်ကရစ်ဇလီဖားစက်ရုံ(ပြွန်တန်ဆာ)တို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ယခုဖွင့်လှစ်ခဲ့သည့် စက်ရုံသစ်နှင့်ဆိုပါလျှင် စုစုပေါင်းသုံးရုံကို တည်ဆောက်ဖွင့်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ပေရာ ကွန်ကရစ်ဇလီဖားစက်ရုံ(မုတ္တမ)ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် မွန်ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ ပြယုဂ်အဖြစ်တည်ရှိနေပြီး ဒေသခံတိုင်းရင်းသားပြည်သူတို့အနေဖြင့် မိမိဒေသဖွံ့ဖြိုးရေးအတွက် ကျရာအခန်းကဏ္ဍမှ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်းဆင်းပွဲ လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီက နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော အင်္ဂလိပ်စကားပြောနှင့်အရေး၊ အဖတ်သင်တန်း (၂/၂၀၀၈) ဆင်းပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ အရာထမ်း ၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃-၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၁၁)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အမုန်းမျက်လုံး** လူမင်း၊ညီနန္ဒ၊နန္ဒာလှိုင်၊ ဒါရိုက်တာ-သားကြီး
၁၃း၅၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၉)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့ မင်းသမီး** (အပိုင်း-၁၁)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	အင်္ဂလိပ်စာသုတ (English Usage)
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲကပုံပြင်လေး တစ်ပုဒ်** (အပိုင်း-၆)

နေပြည်တော်ပျဉ်းမနား ဘိုးဘွားရိပ်သာ (၁၈)ကြိမ်မြောက် ဆန်လှူဒါန်းပွဲ ကျင်းပ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော်ပျဉ်းမနား ဘိုးဘွားရိပ်သာ၏ (၁၈)ကြိမ်မြောက် ဆန်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီက အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဘိုးဘွားရိပ်သာအတွက် အလှူငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

လှူဒါန်း

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အဘိုးအဘွားများအား အလှူငွေနှင့်ဆေးဝါးပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မရမ်းကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် မရမ်းကုန်းမြို့နယ် အထက(၁) စန္ဒိမာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

အဆိုပါအခမ်းအနားတွင် မြို့နယ်အတွင်းရှိ (၇၅)နှစ်အထက် သက်ကြီးစာပေပညာရှင်များအား ကန်တော့ခြင်း၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ မြို့နယ်အတွင်း အထကကျောင်းများ၌ မြန်မာစာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုခြင်း၊ ဂုဏ်ထူးရရှိရန် သင်ကြားပေးသော မြန်မာစာဆရာ ဆရာမများအား ဂုဏ်ပြုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အခမ်းအနားနှင့် သက်ဆိုင်သော သူအားလုံး မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်များနှင့် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးခင်ဇော် မရမ်းကုန်း ဖုန်း-၀၉-၅၁-၈၁၁၈၅သို့ လည်းကောင်း ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(၁၁၁)**

မိဘများအားရည်စူး၍ ဒေါ်ခင်ထားမူ (တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်)က ဆွမ်း၊ ဆေး၊ အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခဒေါက်တာ ဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

စဥ့်ကူးမြို့နယ်စည်ပင် ကတ္တရာခင်းရန် ကျောက်စုဆောင်း

စဥ့်ကူး ဇန်နဝါရီ ၂

မန္တလေးတိုင်း စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ရေအောင်မြေ(၅)လမ်း ကတ္တရာခင်းရန် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင် ကျောက်စုဆောင်းထားရှိမှု အခြေအနေကို ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သတင်းမြင်ကွင်း

ရန်ကုန် ဇန်နဝါရီ ၂

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု၍ သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ကိုးပင်ရိုးကျေးရွာ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ အမှုဆောင်အရာရှိနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

တောင်တွင်းကြီး မြို့မမူကြိုကျောင်း အားကစားပွဲကျင်းပ

မကွေးတိုင်း တောင်တွင်းကြီးမြို့ ကိုယ့်အားကိုယ်ကိုး မြို့မမူကြိုကျောင်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာအားကစားပွဲတော်ကို ဒီဇင်ဘာ၂၅ရက် နံနက် ၈ နာရီခွဲက အားကစားနည်း ခုနစ်မျိုးနှင့် ပွဲစဉ် ၁၂ ပွဲကို ကျင်းပခဲ့သည်။

ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်တိုင်း ဒုတိယရဲမှူးကြီး (ငြိမ်း)ဦးတင်အေး၊ ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစုကိုယ်စား ဦးစိုးတင့် (ဆမငြိမ်း)ကလည်းကောင်း၊ မိဘပြည်သူများကိုယ်စား မူကြိုကျောင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ငြိမ်း၊ အတွင်းရေးမှူး ဦးမြဝင်းနှင့် ကော်မတီဝင်များကလည်းကောင်း ဦးဇော်ဇော်အောင်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဆုပစ္စည်းများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဇန်နဝါရီ၂ရက်က (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပြေးခုန်ပစ်ပြိုင်ပွဲများကို တာမွေအထက(၃)၌ ကျင်းပရာ ကျောင်းသားလေးများ၏ သုံးချောင်းထောက် အပြေးပြိုင်ပွဲ တာထွက်ခဲ့စဉ်။ (မြန်မာ့အလင်း)

ပခုက္ကူမြို့ ရုပ်စုံကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အရှည် ၆၂၅ပေ၊ အကျယ် ၁၂ပေရှိ အမှတ်၂ရပ်ကွက်၊ ရုပ်စုံကျောင်းလမ်း(ကတ္တရာလမ်းသစ်) ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၈နာရီခွဲတွင် အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်၍ အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲတပ်ဖွဲ့မှူးကြီးထွန်းစိန်နှင့် ခရိုင်တာဝန်ခံ ဦးကျော်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အ-မ-က(၃)ဒေါပုံ၌ လွတ်လပ်ရေးနေ့ အကြို ဟောပြော

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံးက ဇန်နဝါရီ ၂ရက်နေ့တွင် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ဆရာမဒေါ်တင်လင်းဝေက အမှာစကားပြောကြား၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်အုံးညွန့်က လွတ်လပ်ရေးနေ့အကြောင်းဟောပြောပြီး (အပေါ်ပုံ) ကျောင်းသား ကျောင်းသူများက (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်ကို ကြည့်ရှုလေ့လာကြသည်။

အလက(၂) တောင်ဥက္ကလာပ၌ ဟောပြောပွဲ ကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အလက(၂) တောင်ဥက္ကလာပတို့ ပူးပေါင်းဆောင်ရွက်သော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ အခမ်းအနားကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ၂၃ရက်မွန်းလွဲ ၁နာရီက အလက (၂) တောင်ဥက္ကလာပကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်တင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ရီရီရှိန်က လွတ်လပ်ရေးဆိုင်ရာ သီကောင်းစရာများနှင့် ရည်မှန်းချက်ထား အမြဲကြိုးစား ခေါင်းစဉ်တို့ဖြင့်ဟောပြောကာ ဟောပြောပွဲအပြီးတွင် ကျောင်းသားကျောင်းသူကလေးများက ပြသထားသောနံရံကပ် စာစောင်နှင့် ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ဇန်နဝါရီ၂ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး (သဃ်ာန်းကျွန်း)က ၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို သဃ်ာန်းကျွန်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၁)၌ ကျင်းပပြီး ဟောပြောပွဲအပြီးတွင် ကျောင်းသားကျောင်းသူများအား ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်မော်က ဓာတ်ပုံပါအကြောင်းအရာများကို ရှင်းလင်းပြောကြားစဉ်။

သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာ ကျေးလက်ကိုယ့်အားကိုယ်ကိုး "အားမာန်" စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ၁ရက် နံနက်၈နာရီတွင် ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရွှေဦးစွာ မင်္ဂလာအချိန်တွင် "အားမာန်" ကျေးလက်စာကြည့်တိုက်ကို ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်၊ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဝေထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အပေါ်ပုံ)ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကို စာကြည့်တိုက်အတွင်း ကျင်းပရာ ပညာ့ရင်ခွင်စာကြည့်တိုက်တာဝန်ခံဆရာတော်က သုတ၊ ရသ၊ စာအုပ်မျိုးစုံ ၃၀၀၊ ဦးမြင့်ဦး (မြတ်ရတနာအိမ်ရာ စီမံကိန်း)က ဂျာနယ်မျိုးစုံ ၁၀၀၀၊ ဦးကျော်မင်းမိသားစုက သုတ၊ ရသ စာအုပ်မျိုးစုံ ၂၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပြည်ခိုင်ဖြိုး ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက်က အဆိုပါမုခ်ဦး၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ သဃ်ာန်းညီနောင် (အခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်ငွေး၊ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ (အောက်ပုံ)

မရမ်းကုန်းမြို့နယ်၌ အားကစားပွဲများ ယှဉ်ပြိုင်

မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အောင်သဇင်ရပ်ကွက် ရပ်မိရပ်ဖနာယကအဖွဲ့ဝင် လူကြီးမင်းများနှင့် ရပ်ကွက်နေ ပြည်သူများ စည်းလုံးညီညွတ်စွာ အစဉ်အလာမပျက် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပျော်ပွဲရွှင်ပွဲ အားကစားပွဲကို အမှတ်(၃)ရပ်ကွက်၊ ရွှေမဥ္ဇူလမ်း၊ ဗိုလ်ချုပ်လမ်း၊ ဣန္ဒာသယလမ်း၊ နှင်းဆီလမ်း အောင်သပြေလမ်း၊ လမ်းအလိုက် အဆိုပြိုင်ခြင်း၊ ထုပ်ဆီးတိုးပြိုင်ခြင်း၊ ဘောလုံးကန်ခြင်း၊ အာလူးကောက်၊ဆန်ကောရွက်၊အပ်ထိုး၊မုန့်ကိုက်၊ တာဝေးတာနီးပြေးပွဲပြိုင်ပွဲ အားကစားပွဲများ အဆိုပါရပ်ကွက်အတွင်း ပျော်ရွှင်စွာ ကျင်းပကြသည်။

ဆုရရှိသူများအား ဇန်နဝါရီ၄ရက် လွတ်လပ်ရေးနေ့ညတွင် ဆုများချီးမြှင့်ကာ စင်တင်တေးဂီတဖြင့် ဧည့်ခံဖြေဖျော်တင်ဆက်မည်ဖြစ်သည်။

(မြန်မာ့အလင်း)

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲ အပြစ်မဲ့ပြည်သူနှစ်ဦးသေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

မိုဆူးလ် ဇန်နဝါရီ ၂

အီရတ်နိုင်ငံ မိုဆူးလ်မြို့မြောက်ပိုင်းတွင် ဒီဇင်ဘာ ၃၁ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သားနှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်လုံခြုံရေးအရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

မိုဆူးလ်မြို့မြောက်ပိုင်း အယ်လ်မက်မိုအတ်အယ်လ်သာကဗီယာဒေသတွင် ဖောက်ခွဲရေးပစ္စည်း ပေါက်ကွဲခဲ့ကြောင်း၊ အရပ်သားနှစ်ဦး သေဆုံးကာ ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်က အီရတ်အသံလွှင့်ဌာနသို့ ပြောကြားခဲ့သည်။

ဖွင့်ဟပြောကြား

ဆေးဝါးကုသမှုခံယူနိုင်ရန် ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များသည် အခင်းဖြစ်အရပ်တွင် စုံစမ်းစစ်ဆေးရေး လုပ်ငန်းများကို စေ့စေ့စပ်စပ် ပြုလုပ်လျက်ရှိကြောင်း အမည်မဖော်လိုသော အရာရှိတစ်ဦးက ဖွင့်ဟပြောကြားခဲ့သည်။

စစ်ကြောင့် ဖွတ်ဖွတ်ညက်ညက်ကြေနေသော အီရတ်နိုင်ငံတွင် မကြာသေးမီက လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သော်လည်း နီနီဝါပြည်နယ်၏ မြို့တော် မိုဆူးလ်မြို့သည် မငြိမ်သက်သေးသောဒေသအဖြစ် ကျန်ရှိနေဆဲပင် ဖြစ်သည်။ မိုဆူးလ်မြို့သည် ဘဂ္ဂဒက်မြို့၏ အနောက်မြောက်ဘက် မိုင် ၂၅၀အကွာတွင် တည်ရှိသည်။

စစ်ကြောင့် ချုံးချုံးကျနေသော အီရတ်နိုင်ငံတစ်ဝန်းတွင် ပေါက်ကွဲမှုများ၊ ထကြွပစ်ခတ်သောင်းကျန်းမှုများကြောင့် နေ့စဉ်နှင့်အမျှနီးပါးပင် အပြစ်မဲ့ပြည်သူ အများအပြားသေဆုံးကာ အမြောက်အမြား ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှဝါမြို့ဆင်ခြေဖုံးဒေသရှိ ရဲစခန်းတစ်ခုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို ဇန်နဝါရီ ၁ရက်က တွေ့ရစဉ်။ (အဆိုပါ ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အာဖဂန်၌ ချုံခိုတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ၂၀ သေဆုံး

ကဘူးလ် ဇန်နဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟီလ်မင့်ပြည်နယ်တွင် ဇန်နဝါရီ ၁ရက်က တာလီဘန်လက်နက်ကိုင်များ ချုံခိုတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင် ၂၀ သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန် စစ်ဘက်အရာရှိများက ပြောကြားသည်။

တိုက်ခိုက်မှု

တိုက်ခိုက်မှုဖြစ်ပွားသည့်နေရာမှာ ကဘူးလ်မြို့ အနောက်တောင်ဘက် ဟီလ်မင့်ပြည်နယ် ကာဂျာကီခရိုင်အတွင်း၌ဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်နှင့် တာလီဘန်လက်နက်ကိုင်များ နာရီအတန်ကြာ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ပစ်ခတ်

အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုကြောင့် တာလီဘန်လက်နက်ကိုင်နှစ်ဦး သေဆုံးခဲ့သည်။ အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့ဝင်များက ပုံမှန်ကင်းလှည့်မှုပြုလုပ်နေစဉ် ချုံခိုတိုက်ခိုက်ခြင်းခံရကာ ရဲတပ်ဖွဲ့ဝင်က ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သေဆုံး

အာဖဂန်နစ္စတန်တွင် ၂၀၀၈ခုနှစ်အတွင်း တာလီဘန်လက်နက်ကိုင်များ တိုက်ခိုက်မှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် ၁၀၀၀ကျော် သေဆုံးခဲ့ရသည်။ (အင်တာနက်)

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဂူဝါဟာတီမြို့တွင် ဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား ဆေးရုံသို့ပို့ဆောင်ရန် ပြင်ဆင်နေကြသည်ကို ဇန်နဝါရီ ၁ရက်က တွေ့ရစဉ်။ (အဆိုပါပေါက်ကွဲမှုတွင် ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ဂါဇာကမ်းမြောင်ကို အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်မှု ခုနစ်ရက်အတွင်း ၄၁၇ ဦးသေဆုံး၊ ၁၉၂၅ ဦးဒဏ်ရာရရှိ

ဂါဇာ ဇန်နဝါရီ ၂

ဂါဇာကမ်းမြောင်ဒေသအား ဇန်နဝါရီ ၁ရက်တွင် အစ္စရေးတို့က လေကြောင်းမှ ဆက်လက်ထိုးစစ်ဆင်ခဲ့ရာ ပါလက်စတိုင်းနှစ်ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် ၂၀၀၈ခုနှစ် ဒီဇင်ဘာ၂၇ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂ရက်အထိ ပါလက်စတိုင်း ၄၁၇ဦးသေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုများတွင် ပါလက်စတိုင်း ၁၉၂၅ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူများနှင့် ဒဏ်ရာရသူများထဲတွင် အမျိုးသမီးများနှင့် ကလေးများလည်းပါဝင်ကြောင်း ကုလသမဂ္ဂက ဒီဇင်ဘာ ၃၁ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

ဒဏ်ရာရရှိ

ဂါဇာမြို့အရှေ့ပိုင်းတွင် လူနာတင်ယာဉ်အနီးသို့ အစ္စရေးတို့ပစ်ခတ်သော ဒုံးကျည်ကျရောက်ထိမှန်ခဲ့မှုကြောင့် ပါလက်စတိုင်း ဆေးဘက်ဝန်ထမ်းတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းတို့က ပြောကြားခဲ့သည်။

ထုတ်ဖော်

အစ္စရေးစစ်ဘက်က ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် ဂါဇာကမ်းမြောင်တောင်ပိုင်းသို့ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အစ္စရေးဂျက်လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်တို့နှင့် အဆက်အသွယ်ရှိသော ပစ်မှတ်များပေါ်သို့ အကြိမ် ၅၀၀ခန့်မျှ ပျံသန်းခဲ့ကြောင်း၊ စစ်ရဟတ်ယာဉ်များကလည်း အကြိမ်ပေါင်းရာချီ၍ စစ်ဆင်မှုပြုလုပ်ခဲ့ကြကြောင်း အစ္စရေးထိပ်တန်း စစ်ဘက်အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး အီရတ်၌ သေဆုံးသည့်တပ်ဖွဲ့ဝင် ၄၂၂၁ဦး ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၂

အီရတ်၌ သီးခြားဖြစ်စဉ်နှစ်ရပ်တွင် ဒီဇင်ဘာ ၃၁ရက်က အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရာ ပြီးခဲ့သည့် ဒီဇင်ဘာ ၁၄ရက်အထိ အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ဦးရေမှာ ထပ်တိုးလာပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသည် ဒီဇင်ဘာ ၃၀ ရက်က တီကရစ်မြို့တွင် စစ်ဆင်ရေးပြုလုပ်စဉ် ရရှိသောဒဏ်ရာကြောင့် ဒီဇင်ဘာ ၃၁ ရက်တွင် သေဆုံးခဲ့ကြောင်း၊ အခြားတပ်ဖွဲ့ဝင်တစ်ဦးသည် မော်တာကျည်ဆန်ထိမှန်မှုကြောင့် ယင်းနေ့တွင်ပင် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၁ရက်တွင် အကျဉ်းချုံးထုတ်ပြန်သော အမေရိကန် စစ်ဘက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အမေရိကန်တို့ အီရတ်သို့ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လကတည်းက အီရတ်တွင်သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၂၂၁ဦး ရှိသွားပြီဖြစ်ကြောင်း တရားဝင်စာရင်းများအရ သိရသည်။ (အင်တာနက်)

အာဖဂန်၌ပြည်ပတပ်ဖွဲ့ဝင်သေဆုံးမှု ၂၀၀၈ ခုနှစ်၌ အများဆုံးဖြစ်

ကဘူးလ် ဇန်နဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၈ ခုနှစ်အတွင်း တာလီဘန်တို့ကို ချေမှုန်းသည့် တိုက်ပွဲတွင် နိုင်ငံခြား တပ်ဖွဲ့ဝင်များ အများဆုံးသေဆုံးခဲ့သည့်နှစ်ဖြစ်ကြောင်း၊ ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များ ထပ်မံဖြန့်ကြက်ရန် စီစဉ်ထားသည့်အတွက် ယခုနှစ်တွင် ကျဆုံးမှုအခြေအနေ ပိုမိုဆိုးရွားနိုင်ကြောင်း ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌၂၀၀၈ ခုနှစ်အတွင်း သေဆုံးသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်ပေါင်း ၂၇၀ နီးပါးရှိသည်။ ယင်းအနက် အမေရိကန် တပ်ဖွဲ့ဝင် ၁၂၇ ဦးပါဝင်သည်။ **(အမ်အင်န်အေ၊ ရိုက်တာ)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး ဝက်အူချောင်း

ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ဒီဇင်ဘာ ၂၇ရက်က အမျိုးသားများ စုပေါင်းပြီး အရှည် ၁၁၇၆ပေရှိသော ဝက်အူချောင်းကြီးတစ်ခုကိုပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်၌ အရှည်ဆုံး ဝက်အူချောင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အောက်ပုံ) (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အမြင့်ဆုံးကိတ်မုန့်

အိန္ဒိယနိုင်ငံတောင်ပိုင်း ကိုချီမြို့တွင် ပီတာအမည်ရှိ ကိတ်မုန့်ပြုလုပ်သူတစ်ဦးက ၃၄ပေမြင့်ပြီး အထပ်ပေါင်း ၃၃ထပ်ရှိသော ကိတ်မုန့်ကြီးကို ဝိုင်းဝန်းကူညီသူ ၄၅ဦးတို့ဖြင့် ၁၅ရက်ကြာ ပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်၌ အမြင့်ဆုံးကိတ်မုန့်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ)

(အင်တာနက်ဓာတ်ပုံ)

အာကာသသိပ္ပံ

လကမ္ဘာသို့ လေ့လာရေးယာဉ်ပျံသန်းမှု နှစ်ပေါင်း ၄၀ရှိခဲ့ပြီ

လူသားများအနေဖြင့် လကမ္ဘာသို့ တက်ရောက်ခြေချနိုင်ခဲ့သည်မှာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၄ရက်၌ နှစ်ပေါင်း ၄၀ရှိခဲ့ပြီဖြစ်သည်။

အမှန်တကယ်မှာမူ ရုရှားအာကာသ အေဂျင်စီက အာကာသသို့ လွှတ်တင်ခဲ့သည့် ခရီးစဉ်မှာ ၁၉၆၁ခုနှစ် ဧပြီ ၂၁ရက်မှ ရေတွက်လျှင် နှစ်ပေါင်း ၄၇နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။ အဆိုပါ ရုရှား အာကာသယာဉ်နှင့်အတူ လေယာဉ်မှူး ယူရီဂါဂါရင်က စီးနင်းသွားခဲ့သည်။

<u>ပထမဆုံး</u>

သို့သော် လကမ္ဘာသို့ ခြေချနိုင်ခဲ့သော ပထမဆုံးခရီးစဉ်မှာ ၁၉၆၈ခုနှစ် ဒီဇင်ဘာ ၂၄ရက်ကဖြစ်ပြီး အပိုလို-၈ အာကာသယာဉ်နှင့်အတူ အာကာသယာဉ်မှူး သုံးဦးတို့က လ၏မျက်နှာပြင်ပေါ်သို့ ပထမဆုံး ခြေချနိုင်ခဲ့သူများ ဖြစ်သည်။ ထိုသို့ ခြေချနိုင်ခဲ့မှုမှာ လ၏အမှောင်ရိပ်အခြမ်းဘက်တွင် ဖြစ်သည်။

<u>တူညီ</u>

ထိုစဉ်က မြေပြင်စခန်းသို့ ပေးပို့သော ဓာတ်ပုံပေါင်း ၁၀၀ခန့်ရှိခဲ့သည်။ ဓာတ်ပုံများကို လေ့လာခဲ့ရာ လ၏မျက်နှာပြင် အတော်များများမှာ ကမ္ဘာ့မြေမျက်နှာပြင် အချို့အစိတ်အပိုင်းများနှင့် တူညီကြောင်း သိရှိခဲ့ရသည်။

ထို့နောက်ပိုင်းတွင် ကမ္ဘာ့ဂြိုဟ်မှ လကမ္ဘာသို့ နာဆာအဖွဲ့များက လလေ့လာရေးယာဉ် (၁၈၂)ကြိမ် ပျံသန်းခဲ့သည်။ ရုရှားနိုင်ငံက (၁၀၅)ကြိမ်ပျံသန်းခဲ့ပြီး တရုတ်က (နှစ်)ကြိမ်ပျံသန်းနိုင်ခဲ့သည်။ (အင်တာနက်)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဖြူးမြို့နယ် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း စီမံကိန်းတစ်ခုလုံး ၇၀ရာခိုင်နှုန်း ပြီးစီးနေ

နေပြည်တော် ဇန်နဝါရီ ၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒီဇင်ဘာ ၂၅ရက် ညနေပိုင်းက ပဲခူးတိုင်း ဖြူးမြို့နယ်၏ အနောက်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးက တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး တမံအတွင်း မြေသားများ၊ ကျောက်များဖို့၍ စက်ယန္တရားကြီးများဖြင့် ကြိတ်နေမှု၊ အရည်အသွေး စမ်းသပ်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ရေပိုလွှဲတည်ဆောက်နေမှုနှင့် ရေလှိုဏ်ထိန်းစည် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရေယူ ဥမင် အဝင်ပိုင်း တူးဖော်နေမှု၊ ကွန်ကရစ်လိုင်နင် လောင်းရန် သံချည်သံကွေး သံမဏိပုံစံ ဖရိမ်များတပ်ဆင်နေမှု၊ရေယူဥမင်အထွက် ပိုင်း တူးဖော်ပြီးစီးမှုနှင့် ဥမင်လိုဏ်အတွင်း မြေသားထိန်းသိမ်းကာကွယ်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ဓာတ်အား ပေးစက်ရုံတည်ဆောက်ရန် မြေကြီးကျောက် သား တူးဖော်နေမှုကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

၇၀ရာခိုင်နှုန်းပြီးစီး

အဆိုပါ ကွန်းချောင်းစီမံကိန်းသည် စက်တပ်ဆင်အား ၆၀ မဂ္ဂါဝပ်ရှိပြီး ယခု အခါ စီမံကိန်းတစ်ခုလုံး၇၀ ရာခိုင်နှုန်းပြီးစီး နေပြီဖြစ်သည်။

ဓာတ်အားပို့လွှတ်

ယင်းနောက် ဝန်ကြီးသည် ရဲနွယ် ရေလှောင်တမံနှင့် ရဲနွယ်ဓာတ်အားပေး စက်ရုံကို ရောက်ရှိကာ တမံအတွင်း ရေဝင် ရောက်မှုနှင့် ရေသိုလှောင်မှုလက်ကျန် ပမာဏကိုကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း ထိန်းချုပ်ခန်း၌ ဓာတ်အားပေး စက်နှစ်လုံး မောင်းနှင်နေမှုကိုလည်းကောင်း၊ Switch Yard သို့ ရောက်ရှိပြီး ဓာတ်အားထုတ်လုပ် ပို့လွှတ်နေမှုကို လည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ရဲနွယ်ဓာတ်အားပေးစက်ရုံ သည် စက်တပ်ဆင်အား ၂၅ မဂ္ဂါဝပ် ဖြစ်ပြီး တစ်နှစ်လျှင် လျှပ်စစ်ကီလိုဝပ် နာရီသန်းပေါင်း ၁၂၃သန်း ထုတ်လုပ် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ဒီဇင်ဘာ ၂၃ရက်က ပဲခူးမြို့နယ် ရှာသစ် ကျေးရွာ၌ ကျင်းပသော သဘာဝစွန့်ပစ် ပစ္စည်းသုံး ဇီဝဓာတ်ငွေ့ထုတ်ဓာတ်ပေါင်း အိုးသုံးစွဲမှု သရုပ်ပြ ရှင်းလင်းပွဲကို တက် ရောက်အားပေးစဉ်။ (သတင်းစဉ်)

ဘာသာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည် များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်က လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ၊ ဆွေးနွေးပွဲများကိုကျင်းပလျက်ရှိရာ ဇန်နဝါရီ ၃ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI OfficeTowerမင်္ဂလာခန်းမ၌ Fortune International Co., Ltd.၏ ပံ့ပိုးကူညီမှုဖြင့် ဟောပြော ဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ပြီး မည်သူမဆိုတက်ရောက် နိုင်ကြောင်းနှင့်ဖုန်း-၂၁၄၃၄၄သို့ ဆက်သွယ် နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံပညာကျောင်းပေါင်းစုံ ပညာရေးစုံညီပွဲတော်အဖြစ် မြောက်ဥက္ကလာပ မြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ၂၉ရက်ကကျင်းပရာ အကျိုး တော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ပြိုင်ပွဲဝင်အားကစားသမားများအား နှုတ်ဆက် စဉ်။ (မြန်မာ့အလင်း)

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၈-၂၀၀၉ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာအစည်းအဝေး ကို ဒီဇင်ဘာ ၂၈ရက် နံနက်၉နာရီက အမှတ်(၇) ဦးအောင်မြတ်လမ်း မင်္ဂလာ တောင်ညွန့်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးရဲဇော်(ကိုရဲဇော်)က ဆောင်ရွက်ပြီး သဘာပတိဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမောင် မောင်မြင့်အေး (မောင်မောင်မြင့်အေး)တို့က အမှာစကား ပြောကြားကြကာ နှစ်ပတ်လည် အစီရင်ခံစာကို အမှုဆောင်အဖွဲ့ဝင် ဒေါ်အေး အေးသိန်း(တက္ကသိုလ်အေးမြစန္ဒာ)က ဖတ် ကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အသက် (၇၀)နှင့်အထက် သက်ကြီးစာပေပညာရှင် ၂၃ဦးတို့အား ငွေကြေးနှင့် ဆေးဝါးပစ္စည်း တို့ဖြင့် ပူဇော် ကန်တော့ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာအားကစားလ လူပ်ရှားမှု ဒလမြို့နယ်၌ စုပေါင်းလမ်းလျှောက်

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ဒီဇင်ဘာ အားကစားလ လူထု လမ်းလျှောက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက်၅နာရီက ကျင်းပရာ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းဦးဆောင်၍ မြို့နယ် အားကစားမှူး ဒေါ်လှမြိုင်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ အင်အား ၇၀၀၀ ပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်ရုံတွင် TRANSPORTER-3 ရုံဝင်လာ အကယ်ဒမီရှော့ဇာတ်ကား ဆက်လက်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇန်နဝါရီ ၂

ဒါရိုက်တာ အိုလီဗာရိုက်ကူးထားသည့် TRAN SPORTER-3 အက်ရှင်ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဇန်နဝါရီ ၂ရက်က ရုံဝင်လာသည်။

ကြေးစားယာဉ်မောင်းသမား

ဖရန့်မာတင်သည် သူ၏Audiကားဖြင့် အငှားလိုက်သော ကြေးစားယာဉ်မောင်း ဖြစ်သည်။ တစ်နေ့ ဂျွန်ဆင်ဆိုသူနှင့် သူ၏တပည့်များက ဖရန့်အားအလုပ်လက် မခံလျှင်သတ်ပစ်မည်ဟု ခြိမ်းခြောက်ကာ ဗုံးလက်ကောက်စွပ်ပေးပြီး တာဝန်ပေးလိုက် သည်။ ဖရန့်ကားပေါ်တွင် ပြန်ပေးဆွဲထား သော တီနာဆိုသူ မိန်းကလေးတစ်ဦး ပါလာသည်။ တီနာကို ပြန်ပေးဆွဲရခြင်းမှာ အန္တရာယ်ရှိ ဓာတုအဆိပ်သင့် ကုန်စည် များ ယူကရိန်းနိုင်ငံ အော်ဒက်ဆာမြို့သို့ ပို့ရန်ဖြစ်သည်။ ဖရန့်မာတင်နှင့် တီနာတို့ အော်ဒက်ဆာမြို့သို့ဆိုက်ရောက်စဉ် ဂျွန်ဆင် နှင့် တပည့်များက တီနာကိုခေါ်သွားပြီး ဖရန့်ကို ရှင်းပစ်ရန် ကြိုးစားရာ ဖရန့်က ကားဖြင့် ရေထဲဒိုင်ဗင်ထိုးချပြီး ရှောင်တိမ်း လိုက်ရသည်။ ထို့နောက် ဂျွန်ဆင်တို့အုပ်စုကို ခြေရာခံရာသောအခါ ရထားတစ်စင်းပေါ် ရောက်နေကြောင်းသိရသဖြင့် တံတား ပေါ်မှ ရထားခေါင်မိုးပေါ်သို့ ထိုးဆင်းကာ ဂျွန်ဆင်တို့လက်ထဲမှ တီနာကို ပြန်လည် ကယ်ဆယ်လိုက်ပြီး အဆိပ်သင့်ကုန်စည်များ တင်ဆောင်ထားသောသင်္ဘောကိုဖမ်းဆီးလိုက် ပုံများကို ရိုက်ကူးထားသည့် လှုပ်ရှားမှု အသားပေး အက်ရှင်ဇာတ်ကား ဖြစ်သည်။



နေပြည်တော်ရုံတွင် ရုံဝင်လာသော Transporter-3ဇာတ်ကားမှ သရုပ်ဆောင် ဂျေဆင်စတက်ဟမ်။

အကယ်ဒမီရှော့ ဇာတ်ကားမှ ထွန်းထွန်းနှင့် အောင်ဇော်မင်း။

အကယ်ဒမီရှော့

ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူး ပြီး ရဲအောင်၊ နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာ ကျော်ဇင်၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော်၊ ချောရတနာနှင့် ဗေလုဝတို့ပါဝင်ထားသော **အကယ်ဒမီရှော့**ဇာတ်ကားမှာ သမ္မတ၊ သွင်၊ မင်္ဂလာ၊ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

ရှေ့ဆောင်ရုံတွင် အဘီးရှက်ဘာဂျန်း၊ ဂျွန်အီဗရာဟင်၊ဘော်ဘီဒီုး၊ပရီရန်ကာချိုပရား တို့ပါဝင်ထားသည့် **Dostana** (အချစ်ဆုံး သူငယ်ချင်း)ဇာတ်ကားပြသနေပြီး မြို့မရုံ တွင် အာဂျေးဒေ့ဂန်၊ ဆူနီးလ်ရှက်သီး၊ ဆန်ဂျေးကပူးရ်တို့ အဓိကပါဝင်ထားသော **Qayamat** ရုံဝင်လာသည်။ ဘုရင့်ရုံတွင် **Narmia** ဇာတ်ကားပြသနေပြီး ဆုထူးပန် ရုံတွင် **Prifhvi** အိန္ဒိယဇာတ်ကား ရုံဝင် လာသည်။

ဒီဗွီဒီဇာတ်ကားများ

ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရောဝတီ၊ ရတနာပုံရုံများတွင် ဒါရိုက်တာမီးပွားရိုက် ကူးပြီး စိုင်းစိုင်းခမ်းလှိုင်၊ သဇင်၊ ဝိုင်းစုခိုင် သိန်းတို့ပါဝင်ထားသော **စက္ကူငှက်** ဒီဗွီဒီ ဇာတ်ကားနှင့် ရွှေမန်း၊ စံပြ၊ သီတာရုံများ တွင် **ဆက်ရန်ရှိသေးသည်** ဒီဗွီဒီဇာတ်ကား ပြသနေသည်။ **ဆက်ရန်ရှိသေးသည်** ဇာတ်ကားတွင် ခန့်စည်သူ၊ မင်းဟိဏ်း၊ ကျော်ဇေယာဟိန်း၊ ခိုင်သင်းကြည်၊ မေကဗျာ၊ ဝိုင်းစုခိုင်သိန်းနှင့် ပန်ဆုပြည့်ကျော်တို့ ပါဝင်ထားသည်။ ။ **(မြန်မာ့အလင်း)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို မုံရွာမြို့ အောင်သစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဒီဇင်ဘာ ၂၉ရက် နံနက် ၉နာရီက (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် မုံရွာမြို့ အောင်သစ္စာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးသည် မုံရွာမြို့ စစ်ကိုင်းတိုင်း သမဝါယမဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားပြီး လုပ်ငန်းစွမ်းဆောင်ရည်ထူးချွန်ဆုရ ဘုတလင်၊ ထီးချိုင့်နှင့် ပင်လည်ဘူးမြို့နယ်တို့အား ဆုများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် မုံရွာမြို့ သီဟအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်ပိုင် ကုလားပဲခွဲစက်လုပ်ငန်း၊ သမဝါယမအသင်းစု၏ ဆီစက်လုပ်ငန်းနှင့် ရက်ကန်းစက်ရုံတို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် စစ်ကိုင်းတိုင်းစာရင်းရုံး၌ ကျင်းပသည့် ခရိုင်၊ မြို့နယ် စာရင်းစစ်အရာရှိများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄)ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

စေတနာဖြိုး သွေးလှူရှင်များ ဂုဏ်ပြုပွဲ အောင်လံမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စတုတ္ထအကြိမ် စေတနာဖြိုး သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၃၁ ရက်က အောင်လံမြို့နယ် အောင်မြေရွှေဝါခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် အလှူရှင် ၃၉ ဦးက အလှူငွေကျပ် ၁၁၉၅၀၀၀ကို ပေးအပ် လှူဒါန်းကြပြီး (၈၂)ကြိမ်မြောက် သွေးလှူရှင် အောင်လံမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အရာခံဗိုလ် မျိုးညွှန့်၊ (၆၆)ကြိမ်မြောက် သွေးလှူရှင် စက်ရုံရပ်ကွက်မှ ဦးတင်ဝင်း၊ သွေးလှူရှင်အသင်း စတင်ဖွဲ့စည်းသည့် ၂၀၀၅မှ၂၀၀၈ခုနှစ်အထိ လေးနှစ်ဆက်တိုက် (၁၂)ကြိမ် သွေးလှူဒါန်းခဲ့ကြသူ ငါးဦး၊ ၂၀၀၈ ခုနှစ်အတွင်း သုံးကြိမ်ဆက်တိုက် လှူဒါန်းကြသူ ၄၀၊ လိုအပ်သော သွေးများကို နေ့ညမရွေး အားကြိုးမာန်တက် ရှာဖွေပေးသူ စက်ရုံရပ်ကွက်နေ စည်းရုံးရေးမှူး ဦးစန်းတင့်နှင့် သွေးလှူရှင်များရရှိရေးအတွက် ပံ့ပိုးကူညီကြသူ ငါးဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်ဆောင်များကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် အလိမ္မာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်သည် ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက စာကြည့်တိုက်ခန်းမ၌ သွားရောက် ဆွေးနွေးညှိနှိုင်းသည်။ (အပေါ်ပုံ)

တက်ရောက်

ဆွေးနွေးပွဲသို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေ၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ တာဝန်ခံ ဦးလှထွန်း၊ တွဲဖက်တာဝန်ခံ ဒေါ်မြင့်မြင့်မူနှင့် စာကြည့်တိုက်ကော်မတီဝင်များ၊ အင်န်ဂျီအိုအဖွဲ့အစည်းများ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့် ရှာင်မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ ခြံစည်းရိုးကြက်ဆူ ဇီဝလောင်စာဆီကြိတ်ခွဲသန့်စင်နေမှု ကြည့်ရှုစစ်ဆေး

ရှာင် ဇန်နဝါရီ ၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၆ရက် နံနက် ၈နာရီက ရှာင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မြို့နယ်ဗထူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများနှင့်မြို့ ရေပေးဝေရေး အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်နေမှု များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားပြီး ရှာင်မြို့ အခြေခံပညာအထက် တန်းကျောင်းနှစ်ခန်းတွဲ၊ အိမ်သာသုံးလုံး အတွက် အလှူငွေကျပ် ၁၅သိန်းကိုတိုင်းမှူး ဗိုလ်မှူးချုပ် ရာပြည့်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီးက လက်ခံယူ သည်။ (အပေါ်ယာပုံ)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် ခြံစည်းရိုးကြက်ဆူမှ ဇီဝလောင်စာဆီ ကြိတ်ခွဲနေမှု၊ ဆီသန့်စင်နေမှုနှင့် ကြိတ်ဖတ် မှ လောင်စာတောင့် ပြုလုပ်သုံးစွဲနည်းအဆင့် ဆင့်တို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝင်းက ခြံစည်းရိုး ကြက်ဆူမှ ဇီဝဒီဇယ်ထုတ်လုပ် မှုအဆင့်ဆင့်တို့ကိုရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက်မှ အရောင်းပြခန်းနှင့် အထူးဈေးရောင်းပွဲတော်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂

ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက် အရောင်းပြခန်းနှင့် အထူးအရောင်းမြှင့်တင် ရေးဖွင့်ပွဲကိုယမန်နေ့က ရန်ကုန်မြို့ရှိမင်္ဂလာ ဈေးသစ်မြေညီထပ်၌ ကျင်းပသည်။(ဝဲပုံ) ယင်းကုမ္ပဏီမှ တင်သွင်း၊ထုတ်လုပ်၊ဖြန့်ဖြူး ရောင်းချလျက်ရှိသောPanasonic Aircon, Washing Machine, Refrigerator/ Sakura Aircon, TV, DVD, Radio, Orchid TV,DVD, Radio စသော Electronic ပစ္စည်းများကို ကုမ္ပဏီ Show Room ရန်ကုန်မြို့နှင့် တစ်နိုင်ငံလုံးရှိ နယ်မြို့ကြီးများ၏ အရောင်းကိုယ်စားလှယ် များထံတွင် အာမခံချက်များဖြင့် ရောင်းချ ပေးနေပြီး နှစ်သစ်ကူးအထူးလျှော့ဈေး၊ အရောင်းမြှင့်တင်ရေးဖြင့် ယမန်နေ့မှဇန်နဝါရီ လကုန်အထိ Orchid 21"Flat TVနှင့် DVD တစ်စုံလျှင် ငွေကျပ် ၁၅၉၀၀၀နှင့် အတူ အခြားကုန်ပစ္စည်းများကိုလည်း အထူး လက်ဆောင်များပေး၍ ရန်ကုန်၌ ရောင်းချ ပေးလျက်ရှိကြောင်း၊ အခြားနယ်မြို့ဆိုင်ကြီး များ၌လည်း သယ်ယူ ပို့ဆောင်ခသာ ပေါင်းပြီး ဝယ်ယူရရှိနိုင်ကြောင်း၊ အဆိုပါ Orchid TV အတွက်သုံးနှစ်၊ Orchid DVD များ အတွက် တစ်နှစ်အာမခံချက် ပေးထားပြီး Service Center များကို လည်း တစ်နိုင်ငံလုံးရှိ မြို့ကြီးများ၌ ဖွင့်လှစ် ထားကြောင်းသိရသည်။

ထို့ပြင် Orchid TVများသည် အရည် အသွေးအထူးကောင်းမွန်၍ အပျက်အစီးမရှိ ခြင်း၊ မီးအားမြှင့်စက်နှင့် Safe Guard အသုံးပြုရန်မလိုသော စနစ်ထည့်သွင်းထား ခြင်း၊ Orchid DVD များမှာလည်း နောက်ဆုံးပေါ် EVD ခွေဖတ် စနစ်ပါဝင် ခြင်းကြောင့် မည်သည့်အခွေကိုမဆို ရုပ်သံ ကြည်လင်ပြတ်သားစွာဖြင့် အခွေစုံဖတ်ခြင်း၊ EVD Disc အခွေအပိုထည့်ပေးထားခြင်း၊ လျှပ်စစ်မီးပြတ်သွားလျှင် ရပ်သွားသည့် နေရာမှ ပြန်လည်ကြည့်ရှုနိုင်သော Last Memory စနစ်ပါရှိခြင်း၊AC/DCစနစ် ပါရှိခြင်း၊ သီချင်းနားထောင်နိုင်ရန် စပီကာ နှစ်လုံးပါရှိခြင်း၊ အသံထွက်မှာလည်း 5.1 Chanelအသံဖြစ်၍ ကြည်လင်ပီသစွာ နားဆင်နိုင်ခြင်း၊USB/MP3 Recording ပါဝင်၍ ဈေးနှုန်းချိုသာပြီး ဒီဇိုင်းလှပ သေသပ်သောကြောင့် လူကြိုက်များလျက်ရှိ ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက Show Room(1) အမှတ်၂၃/၂၅၊ ၁၀၈လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့် မင်္ဂလာ တောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁- ၂၀၃၄၈၄၊၂၀၃၄၈၅၊ ၂၉၂၅၆၅၊၂၉၆၇၈၇၊ Show Room(2)အမှတ်(အေ)မြေညီထပ် မင်္ဂလာဈေးသစ်စက်ရုံလမ်း မင်္ဂလာတောင်ညွန့် မြို့နယ်ရန်ကုန်မြို့ဖုန်း-၀၁-၂၉၁၁၂၂တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်းသတင်း ရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၄ရက်(လွတ်လပ်ရေးနေ့) နံနက် ၉ နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များရိပ်သာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် နိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ဂွမြို့၌ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးဆွေးနွေး

ရခိုင်ပြည်နယ် သံတွဲခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးညိုအုန်းမြင့်သည် ဒီဇင်ဘာ ၁၈ရက် ညနေ ၄ နာရီက ဂွမြို့နယ် ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် မြို့နယ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံပြီး စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာသော စာကြည့်တိုက်များ မြို့နယ်လုံးကျွတ် ဖွင့်လှစ်နိုင်ရေး ဆွေးနွေးသည်။ *(ခရိုင် ပြန်/ဆက်)*

ကျေးရွာများဖွံ့ဖြိုးရေး ကန့်ဘလူ၌ ဟောပြော

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကျေးရွာများဖွံ့ဖြိုးရေး ဟောပြောပွဲကို ချပ်သင်းတိုက်နယ် ချပ်သင်းစံပြကျေးရွာ သိမ်ကျောင်း ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ၁၁ရက် နံနက်၁၁နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

စာဆိုတော်နေ့ နေပြည်တော်လယ်ဝေး၌ ကျင်းပ

၁၃၇၀ပြည့်နှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက် နံနက် ၁၀ နာရီက နေပြည်တော်လယ်ဝေး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်(ဇော်ဇော်အောင်)က ဖတ်ကြားသည်။ *(ဝ၈၃)*

ဟသ်ာတ၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

ဟသ်ာတမြို့နယ် ပန်းဘဲတန်းရပ်ကွက် စေတနာရှင် ပြည်သူများပူးပေါင်းပါဝင်လှူဒါန်းမှုတို့ဖြင့် ငွေကျပ်သိန်း ၁၀၀တန် ဝိဇ္ဇာသမ္မဒါစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသူရနှင့် မြို့နယ်အတွင်းရေးမှူး ဦးခင်မောင်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ***(ခရိုင် ပြန်/ဆက်)***

မင်းပြား၌ စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်

စစ်တွေခရိုင် မင်းပြားမြို့တွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး စာဆိုတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၇ရက် မွန်းတည့် ၁၂နာရီက အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။ *(မြို့နယ် ပြန်/ဆက်)*

ကောလင်းမြို့နယ်၌ မြို့ပြလမ်းဆောင်ရွက်

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကောလင်းမြို့(၈)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မျိုးဦးတို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ကြသည်။ ***(ဝ၃၂)***

နောင်တရား အထက ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် နောင်တရားမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင်းသဘင်နှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃ရက် နံနက် ၁၀နာရီက အထက ခန်းမဆောင်၌ကျင်းပရာ စာသင်နှစ်အတွင်း အခြေခံပညာမူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ *(ဝ၂၂)*

မိုးရာသီဘဏ်ချေးငွေ ပြန်လည်ကောက်ခံရေး ညှိနှိုင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်က ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ ၂၆ဘဏ်မှ တောင်သူလယ်သမားများသို့ စိုက်ပျိုးချိန်မီ ထုတ်ချေးပေးခဲ့သော မိုးရာသီဘဏ်ချေးငွေကျပ် ၁၃၃၆၂ ဒသမ ၁၇၃သန်းကို ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဘဏ်ချေးငွေအပြည့်အဝ ပြန်လည်ကောက်ခံရရှိရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ရက် နံနက် ၁၁နာရီက ဟသ်ာတမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး၌ ကျင်းပသည်။ ***(ခရိုင် ပြန်/ဆက်)***

တနိုင်းမြို့၌ အော်တိုတယ်လီဖုန်းရုံးသစ် ပန္နက်တင်

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ အော်တိုတယ်လီဖုန်းရုံးသစ် ပန္နက်တင်နှင့် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် နံနက်ပိုင်းက အဆိုပါအော်တိုတယ်လီဖုန်းရုံး ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။ ရုံးသစ်ဆောက်လုပ်ပြီးစီးပါက အော်တိုတယ်လီဖုန်းအလုံး၅၀၀ တပ်ဆင်သွားမည်ဖြစ်သည်။ *(မြို့နယ်ပြန်/ဆက်)*

မီးဘေးကြိုတင်ကာကွယ်ရေး ရပ်စောက်၌ဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်စိုးသည် ဒီဇင်ဘာ ၂၁ရက် နံနက် ၁၀နာရီက ရပ်စောက်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ရောက်ရှိရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကံဝင်းက တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များ အခြေအနေ၊ မြို့နယ်အတွင်း လူနေအိမ်များနှင့် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

(မြို့နယ်ပြန်/ဆက်)

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း
ထားဝယ် - မြိတ် ရထားလမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ထားဝယ်-မြိတ်ကားလမ်းဘေးရှိ မြေသားတာပေါင်အား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

နေပြည်တော် ဇန်နဝါရီ ၂

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ဒုတိယဝန်ကြီးဦးဖေသန်း လိုက်ပါလျက် ဒီဇင်ဘာ ၂၉ရက်က ထားဝယ်ဘူတာအနီး လမ်းဘေး ဝဲ/ယာ မြေသားတာပေါင် ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မေတ္တာကားလမ်းအား ဖြတ်ကျော်ဖောက်လုပ်မည့် ရထားလမ်းအူကြောင်းနေရာ (Level Crossing) တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ထားဝယ်ဆိပ်ကမ်းဘူတာ တည်ဆောက်မည့် မြေနေရာရွေးချယ်ထားမှုကိုလည်းကောင်း၊ ကျန်းမာရေး ကားလမ်းကို ဖြတ်ကျော်ဖောက်လုပ်မည့် ရထားလမ်းအူကြောင်းနေရာနှင့် ကျန်းမာရေးကားလမ်းဘေးရှိ စက်ယန္တရားများနှင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် သရက်ချောင်းမြို့၌ သရက်ချောင်းဘူတာတည်ဆောက်မည့် မြေနေရာရွေးချယ်ထားမှုနှင့်ရထားလမ်းဖောက်လုပ်ရန် လမ်းအူကြောင်း ရွေးချယ် တိုင်းတာထားမှု၊ ထားဝယ်-မြိတ် ကားလမ်းဘေးဝဲ/ယာရှိ မြေသားတာပေါင်အား စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အဆိုပါ ထားဝယ်-မြိတ်နယ် ရထားလမ်းသည် ၁၃၂မိုင်ရှည်လျားပြီး ထားဝယ်မြို့နယ်၊ ပလောက်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် မြိတ်မြို့နယ် ငါးမြို့နယ်တို့ကို ဖြတ်သန်းဖောက်လုပ်သွားမည်ဖြစ်သည်။ ရထားလမ်းပြီးစီးသွားပါက နေပြည်တော်မှ မော်လမြိုင်-ရေး-ထားဝယ်-မြိတ်မြို့အထိသွားလာနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အသံလွှင့်စက်ရုံ(ရေကူး)၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် မွန်းတည့် ၁၂နာရီက အဆိုပါစက်ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်စက်ရုံအင်ဂျင်နီယာမှူး ဦးထွန်းအောင်က **(အောက်ပုံ)**အမှာစကားပြောကြားပြီး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲကျော်သူစိုးနိုင်ကမီးဘေးကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်တပ်ကြပ်အောင်မင်းနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်း လက်တွေ့ သရုပ်ပြသကြကြောင်း သိရသည်။

(၁၁၁)

ဟိုပင်မြို့ ကုန်သည်လမ်း ကျောက်ချောခင်း

ဟိုပင် ဇန်နဝါရီ ၂

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ကုန်သည်လမ်း ကျောက်ချောခင်းနေမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းထူးနှင့် အင်ဂျင်နီယာ ဦးဌေးမြင့်တို့က လိုက်လံရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လွှမ်းမိုးသူကုမ္ပဏီလီမိတက် နှစ်သစ်ကူးအထူးအစီအစဉ် အိတ်ရောင်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂

လွှမ်းမိုးသူ ကုမ္ပဏီလီမိတက်၏ အရောင်းဆိုင်များမှ အိတ်ဝယ်ယူအားပေးကြသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် နှစ်သစ်ကူးအထူးအစီအစဉ် အိတ်ရောင်းပွဲကို ဒီဇင်ဘာ ၁၁ရက်မှ ဇန်နဝါရီ ၇ရက်အထိ ရန်ကုန်မြို့ရှိ လွှမ်းမိုးသူနှင့် Promise အိတ်အရောင်းဆိုင်များ၌ ရောင်းချပေးလျက်ရှိသည်။ **(ယာပုံ)**

လွှမ်းမိုးသူ ကုမ္ပဏီလီမိတက်၏ နှစ်သစ်ကူးအထူးအစီအစဉ် အိတ်ရောင်းပွဲတွင် ငွေကျပ်၂၀၀၀၀နှင့်အထက် ဝယ်ယူသူတိုင်း မေတ္တာလက်ဆောင်အိတ်တစ်လုံး လက်ဆောင်ရမည့်အစီအစဉ်၊ Buy One Get One အစီအစဉ်နှင့် ၅ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိ Discount ရမည့် အစီအစဉ်များ ပါဝင်သည်။

လွှမ်းမိုးသူ ကုမ္ပဏီလီမိတက်၏ နှစ်သစ်ကူးအထူးအစီအစဉ် အိတ်ရောင်းပွဲမှ အိတ်များကို ဝယ်ယူလိုသူများသည် မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာပထမထပ် A (14/15), A-11,G- 12 နှင့် ဒုတိယထပ် A-2 ၊ စမ်းချောင်းမြို့နယ် ဗားကရာလမ်း(ဂမုန်းပွင့်ကုန်တိုက်ဘေး) အမှတ် ၂၄၇၊ ပန်းဘဲတန်းမြို့နယ် ၂၇လမ်းနှင့် အနော်ရထာလမ်းထောင့် အမှတ်(၂၈၈-၃၀၇) အခန်း၇ ကျောက်တံတားမြို့နယ် ၃၈လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် အမှတ်(၁၁) (သမစတိုးလီမိတက်)၊ သင်္ဃန်းကျွန်းမြို့နယ် Junction Zawana ပထမထပ်၊ မရမ်းကုန်းမြို့နယ် (၈)မိုင် လမ်းဆုံအနီး Junction-8 ပထမထပ်၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်း (လှည်းတန်းဈေးအနီး) အမှတ်(၂၃-A) မြေညီထပ်၊ လမ်းမတော်မြို့နယ် China Town Center Point တတိယထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် စံပယ်လမ်းနှင့် ၆လမ်းထောင့် အမှတ်(၁/၆)တို့ရှိ အိတ်အရောင်းဆိုင်များနှင့် Asia Light Supermarket များမှ လွှမ်းမိုးသူအိတ်အရောင်းကောင်တာများ ဖုန်း၂၀၃၃၅၂၊ ၂၀၃၁၉၄နှင့် ၇၁၀၇၁၈ တို့သို့ ဆက်သွယ်ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

ကိုယ်ပိုင်အတွေးနှင့် ရေးထိုးရမည့် အနာဂတ်ကမ္ပည်းများ

ကြယ်စင်နိုင်



နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားတိုင်း အထွတ်အမြတ်ထား မြတ်နိုးအပ်သောအရာသည် လွတ်လပ်ရေးပင်ဖြစ်သည်။ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး ရှင်သန်ဖွံ့ဖြိုး တိုးတက်မြင့်မားလာရေးအတွက် အခြေခံသည် လွတ်လပ်ခြင်းဟူသော ရေသောက်မြစ်ပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ခြင်းတည်းဟူသော အခြေခံအချက်ပေါ်တွင် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုးတက်သော လူ့ဘောင်တစ်ခုဆီသို့ ဦးတည်ချီတက်နေသော နိုင်ငံဖြစ်သည်။ လွတ်လပ်သော နိုင်ငံတစ်ခုသည် (၁) နိုင်ငံနယ်နိမိတ် (Territory)၊ (၂)လူဦးရေဟုဆိုရမည့် နိုင်ငံသား(Population)၊ (၃)အစိုးရ (Government)၊ (၄)အချုပ်အခြာအာဏာ (Sovereignty) တို့ကို ပိုင်ဆိုင်သည့် နိုင်ငံလွတ်လပ်ခြင်း(Independence)ရှိရမည်ဟု ကမ္ဘာ့ဥပဒေပညာရှင်များ၊ နိုင်ငံရေးသိပ္ပံပညာရှင်များက စံသတ်မှတ်ထားကြသည်။

အချုပ်အခြာအာဏာပိုင်ဆိုင်ခြင်း၊ လွတ်လပ်ခြင်း၊ လူများစု၏ဆန္ဒနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ရှိခြင်း၊ လူ့အခွင့်အရေးစံများ ရရှိခြင်းတို့သည် လွတ်လပ်သောနိုင်ငံ၏ တန်ဖိုးများပင် ဖြစ်သည်။ အချုပ်အခြာအာဏာ ပိုင်ဆိုင်ခြင်းဖြင့် မိမိနိုင်ငံ၊ မိမိပြည်သူတို့၏ ကောင်းကျိုးကို လွတ်လပ်စွာ ဖန်တီးဖော်ဆောင်နိုင်ခွင့် ရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် (၁)နိုင်ငံနယ်နိမိတ် အထင်အရှား အခိုင်အခံ့ရှိခြင်း၊ (၂)တိုင်းရင်းသားလူမျိုးတစ်ရာကျော်ပေါင်းစုထားသည့် ပြည်သူ ၅၆သန်းကျော်ရှိခြင်း၊ (၃) လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာအစိုးရများသာ အဆက်ဆက်တာဝန်ယူခဲ့ခြင်း၊ (၄)လုံးဝလွတ်လပ်သော ပြည်ထောင်စုနိုင်ငံ၊ အချုပ်အခြာအာဏာ အပြည့်အဝပိုင်ဆိုင်သော နိုင်ငံဖြစ်ခြင်းတို့ကြောင့် ကမ္ဘာ့အလယ်တွင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်အင်္ဂါရပ်နှင့် ပြည့်စုံစွာ ရပ်တည်နိုင်ခဲ့သော နိုင်ငံတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်လည်ကြည့်လျှင် အနော်ရထာမင်းကြီး ပြန်လည်စုစည်း တည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်မင်းတရားကြီး စုစည်းတည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ စုစည်းတည်ထောင်ခဲ့သည့် တတိယမြန်မာနိုင်ငံတော်ဟူ၍ မြန်မာ့ပိုင်နက်မြေကို အခိုင်အမာသတ်မှတ် ထူထောင်နိုင်ခဲ့သော ကာလများရှိခဲ့ပါသည်။ ထိုကာလများတွင် ကိုယ့်အရှင်၊ ကိုယ့်သခင်နှင့် အမျိုး၊ ဘာသာ၊ သာသနာထွန်းကား တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ပေါကြွယ်ဝလှသော သဘာဝသယံဇာတများမှာ နယ်ချဲ့တို့အတွက် မျက်စိကျစရာ ဖြစ်ခဲ့သည်။ မြေပေါ်မြေအောက် အလျှံပယ်ထွက်ရှိသော သယံဇာတများနှင့် အရေးပါလှသော ပထဝီအနေအထားတို့ကြောင့် နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မောင်ပိုင်စီးလိုခဲ့ကြပါသည်။ ထို့ကြောင့် ၁၈၂၄ခုနှစ်တွင် ပထမကျူးကျော်စစ်၊ ၁၈၅၂ခုနှစ်တွင် ဒုတိယကျူးကျော်စစ်၊ ၁၈၈၅ခုနှစ်တွင် တတိယကျူးကျော်စစ်တို့ကိုဆင်နွှဲပြီး မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သည်။ သို့သော် မြန်မာတိုင်းရင်းသားတို့မှာ ဒူးထောက်လက်မြှောက်၍ အညံ့ခံအရှုံးပေးတတ်သူများ မဟုတ်ခဲ့ရာ နိုင်ငံအနှံ့အပြားတွင် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ မြန်မာတို့သည် လက်နက်အင်အား ခေတ်မမီခြင်း၊ မြန်မာ့တပ်မတော်အင်အား ဖွဲ့စည်းမှုအားနည်းခဲ့ခြင်းတို့ကြောင့် ပိုင်နက်တောတောင်ရေမြေ ဆုံးရှုံးခဲ့ရသော်လည်း စိတ်ဓာတ်ပိုင်းတွင် အရှုံးမပေးခဲ့ချေ။ အင်္ဂလိပ်တို့သည် မြန်မာ့ရေမြေကို သိမ်းယူနိုင်ခဲ့သော်လည်း မြန်မာတို့၏ သူ့ကျွန်မခံလိုသည့် သခင်စိတ်ဓာတ်ကိုမူ မချိုးနှိမ်နိုင်ခဲ့ပေ။

အရှင်နှစ်ပါး အိန္ဒိယသို့ ပါတော်မူချိန်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားများနှင့် ရဟန်းသံဃာတော်များပါမကျန် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲခဲ့သည်။ ၁၉၂၀ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သော ပထမကျောင်းသားသပိတ်၊ ၁၉၃၀ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သော ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံနှင့် ၁၃၀၀ပြည့်နှစ်တွင် ပေါ်ပေါက်ခဲ့သော သခင်ဖိုးလှကြီး ခေါင်းဆောင်သည့် ရေနံမြေအလုပ်သမားသပိတ်တို့မှာ နယ်ချဲ့တို့ကို ချောက်ချားစေသော အမျိုးသားရေးလှုပ်ရှားမှုကြီးများ ဖြစ်ခဲ့သည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံးစသော ဝံသာနုအသင်းများလည်း ပေါ်ပေါက်လာခဲ့သည်။ ဒို့ဗမာအစည်းအရုံးက "ဗမာ ပြည်သည် ဒို့ပြည်၊ ဗမာစာသည် ဒို့စာ၊ ဗမာစကားသည် ဒို့စကား၊ ဒို့ပြည်ကိုချစ်ပါ၊ ဒို့စာကို မြတ်နိုးပါ၊ ဒို့စကားကို လေးစားပါ"ဟူသော ကြွေးကြော်သံနှင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင် တောင်းဆိုခဲ့ကြသည်။

မြန်မာတို့သည် နယ်ချဲ့အင်္ဂလိပ်ကို တိုက်ထုတ်၍ လွတ်လပ်ရေး ဗိမာန်ကြီး တည်ဆောက်ရာတွင် နလုံးရည် သက်သက်နှင့်မရဘဲ လက်ရုံးရည်ဖြင့်ပါ တည်ဆောက်ကြရမည်ကို သတိမူမိကြ၍ ရဲဘော်သုံးကျိပ်တို့သည် ဂျပန်တို့နှင့် ယာယီလက်တွဲလျက် နယ်ချဲ့အင်္ဂလိပ်ကို ဦးစွာတိုက်ထုတ်ခဲ့သည်။ တစ်ဖန် မင်းသားခေါင်း ဆောင်းထားသည့် ဖက်ဆစ်ဘီလူးတို့၏ ရက်စက်ယုတ်မာမှုကိုလည်း ဖဆပလအဖွဲ့ကြီးကိုဖွဲ့၍ တွန်းလှန်ခဲ့ရသေးသည်။ ထို့နောက် တစ်ပတ်ကျော့ပြန်ဝင်လာသည့် အင်္ဂလိပ်နယ်ချဲ့တို့ကိုလည်း ဆက်လက်တိုက်ပွဲဝင်ခဲ့ရသည်။ လွတ်လပ်ရေးအတွက် အသက်ပေါင်း မရေမတွက်နိုင်အောင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားနှင့် စတေးခဲ့ကြသည်။

ထိုသို့တိုင်းရင်းသားတို့၏ အသက်၊သွေး၊ချွေးများစွာစတေး၍ ကိုယ့်အားကိုယ်ကိုး ရယူခဲ့ရသော လွတ်လပ်ရေးအောင်ပန်းကို ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက် နံနက်၄နာရီ ၂၀မိနစ်တွင် ဆွတ်ခူးပန်ဆင် နိုင်ခဲ့လေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အလံတော်ကို တလူလူလွှင့်ထူနိုင်ခဲ့ပါသည်။

ယခုနှစ်ဆိုလျှင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ (၆၁)နှစ်မြောက်ခဲ့ပြီဖြစ်သည်။ ယနေ့ခေတ်တွင် ကြီးပြင်းလှုပ်ရှားရှင်သန်နေကြသော မျိုးဆက်သစ်လူငယ်များသည် လွတ်လပ်သော နိုင်ငံသားများအဖြစ် မွေးဖွားလာခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်မှု၏ အနှစ်သာရအဖြစ် ပညာခေတ်ကြီးထဲတွင် နောက်ကျကျန်မနေတော့ဘဲ ကမ္ဘာ့ပညာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများကို မျက်ခြည်မပြတ်လေ့လာစူးစမ်းနိုင်ပြီ ဖြစ်သည်။ နည်းပညာကို အစွမ်းကုန် အသုံးချ၍ တစ်ကမ္ဘာလုံး၏ သတင်းအချက်အလက်များကို ကွန်ရက်သဖွယ် ချိတ်ဆက်အသုံးပြုနိုင်ပြီ ဖြစ်သည်။ ယခုအချိန်တွင် ကမ္ဘာသည် ရွာကြီးတစ်ရွာသဖွယ် ဖြစ်လာခဲ့ပြီး ယဉ်ကျေးမှုများသည်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံကြား ကူးလူးစီးဝင်လျက် ရှိပါသည်။

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူငယ်ထုအပေါ်သို့ ဘက်ပေါင်းစုံမှ လွှမ်းမိုးမှုများ သက်ရောက်လျက်ရှိပါသည်။ ထိုသက်ရောက်မှုများထဲတွင် မီဒီယာများ၏ လွှမ်းမိုးမှုမှာ အင်အားအကြီးမားဆုံး ဖြစ်ပါသည်။ မီဒီယာများမှတစ်ဆင့် ဝါဒရေးရာ မှိုင်းတိုက်မှုများနှင့် ယဉ်ကျေးမှု လွှမ်းမိုးမှုများမှာ အရှိန်အဟုန်ဖြင့် ဝင်ရောက်လျက် ရှိပါသည်။ နယ်မြေကျူးကျော်မှု၊ စီးပွားရေးချုပ်ကိုင် လွှမ်းမိုးမှုတို့မှာ မြင်သာသော ကျူးကျော်မှုများဖြစ်သည်။ နယ်မြေကျူးကျော်မှုကို စစ်ရေးအင်အားနှင့် ကာကွယ်နိုင်သလို စီးပွားရေးချုပ်ကိုင် လွှမ်းမိုးမှုကိုလည်း နိုင်ငံ၏ စီးပွားရေးတောင့်တင်းခိုင်မာမှုဖြင့် ကာကွယ်နိုင်ပေသည်။ စိတ်ဓာတ်ရေးရာအရ ကျူးကျော်မှုနှင့် ယဉ်ကျေးမှုအရ ကျူးကျော်မှု တို့သည်ကား သိမ်မွေ့သော ကျူးကျော်မှုများ ဖြစ်သည်။ "မမြင်ရသော ရန်သူ"သည် ကြောက်စရာ အကောင်းဆုံး ဖြစ်သည်ဆိုသကဲ့သို့ ထိုသို့သော ကျူးကျော်မှုများကို ဉာဏ်ပညာနှင့် မြင်အောင်ကြည့်ပြီး အသိစိတ်ဓာတ်နှင့် ကာကွယ်မှသာ ရမည်ဖြစ်ပါသည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်မူဝါဒများ ရှိပါသည်။ ကိုယ်ပိုင်အတွေးအခေါ် မူဝါဒမရှိလျှင်၊ ကိုယ်ပိုင်ယဉ်ကျေးမှုမရှိလျှင် အခြားသူ၏ မူဝါဒများ၊ ယဉ်ကျေးမှုများ လွှမ်းမိုးခြင်းကိုခံရပြီး ကိုယ်ပိုင်အမှတ်အသားသရုပ်များ ပျောက်ဆုံးသွားနိုင်ပါသည်။ ထိုသို့ ယဉ်ကျေးမှုနှင့် မူဝါဒအရ လွှမ်းမိုးခံရခြင်း၊ ကိုယ်ပိုင်အမှတ်အသား သရုပ်ပျောက်ဆုံးခြင်းသည် စိတ်ဓာတ်ရေးရာအရ ကျွန်ဖြစ်ခြင်းပင် ဖြစ်ပါသည်။

ယနေ့လူငယ်များသည် ဘိုးဘေးတို့၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးပေးဆပ်ရယူပေးခဲ့သော လွတ်လပ်ရေး၏ အရသာကို အဆင်သင့် လက်ခံစားသုံးခွင့် ရသူများဖြစ်ကြပါသည်။ ယခင်က မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးခဲ့ရပုံများ၊ လွတ်လပ်ရေးရရှိအောင် အသက်၊ သွေး၊ ချွေးများစွာ စတေးပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရပုံများ၊ လွတ်လပ်ပြီးနိုင်ငံတော်၏ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို နှစ်ရှည်လများ ကြိုးပမ်းဖော်ဆောင်ခဲ့ရသည့် ကာလများကို လွန်မြောက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောကာလတွင် ကြီးပြင်းလာရသူများ ဖြစ်သည်။ လူငယ်များအနေဖြင့် သူတစ်ပါး ကျွန်ဘဝ ရောက်ခဲ့ရသည့် ကာလများ၏ ခါးသီးဆိုးရွားမှုများ၊ စစ်၏အနိဋ္ဌာရုံများ၊ နယ်ချဲ့တို့၏ ရက်စက်မှုများကို စာအုပ်စာပေများ၊ လူကြီးသူမများ၏ စကားများမှတစ်ဆင့်သာ ကြားသိကြရပါသည်။ ထိုအသိများကို စာအုပ်များထဲတွင်သာမထားဘဲ ယနေ့အခြေအနေအထိရောက်အောင် ခက်ခက်ခဲခဲ ခါးခါးသီးသီး ကြိုးစားဖြတ်ကျော်ခဲ့ရပုံများကို ရင်ထဲအသည်းထဲအထိစွဲအောင် တန်ဖိုးထား မှတ်သားထားရပေမည်။

ထို့အပြင် ကိုလိုနီနယ်ချဲ့လက်သစ်တို့က မိမိတို့ပိုင်နက်နယ်နိမိတ်ကို ကျူးကျော်သိမ်းပိုက်မခံရအောင် နိုင်ငံ၏ နယ်မြေများကို ဖဲ့ထွက် ခွဲထုတ်မခံရအောင်၊ နိုင်ငံ၏ အချုပ်အခြာအာဏာဆုံးရှုံးပြီး သူ့ကျွန်ဘဝ မကျရောက်အောင်၊ ကာကွယ်စောင့်ရှောက်ကြရုံသာမက နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အစရှိသဖြင့် အဘက်ဘက်မှ စိတ်ဓာတ်ပြိုလဲအောင် သွေးထိုးလှုံ့ဆော်မှုများကိုလည်း ခိုင်မာသောစိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခံ ကာကွယ်နိုင်ရမည်ဖြစ်သည်။

မိမိတို့၏ ဘိုးဘေးများသည် နယ်ချဲ့အင်္ဂလိပ်နှင့် ဖက်ဆစ်ဂျပန်တို့၏ လက်အောက်သို့ နှစ်ပေါင်း ၁၀၀ကျော်ကျရောက်၍ သူ့ကျွန်ဘဝ၏ ခါးသီးမှုကို ရင်ဆိုင်ခံခဲ့ရသည်။ မလွတ်လပ်သော ဘဝကိုရောက်ခဲ့ဖူး၍ လွတ်လပ်ရေး၏ အနှစ်သာရကို ကောင်းစွာသဘောပေါက်ပြီး ယနေ့ထက်တိုင် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်နေခြင်း ဖြစ်သည်။ လွတ်လပ်ရေးဟူသည် မျက်စိတစ်မှိတ်အတွင်းတွင် ဆုံးရှုံးရန်လွယ်ကူသလောက် ပြန်လည်ရယူရန် ကြိုးပမ်းရာတွင် အသက်၊ သွေး၊ ချွေး မြောက်မြားစွာ စတေးပြီး ခက်ခဲစွာ ရယူခဲ့ရပေသည်။

ထိုသို့ လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏ အနှစ်သာရကို ကောင်းစွာသိရှိပြီး ရရှိတည်တံ့ပြီးသော လွတ်လပ်ရေး၊ ဘိုးဘေးတို့၏ အသက်သွေးဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုနှင့် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုတို့ကို အစဉ်တည်မြဲခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ယနေ့လူငယ်တိုင်း မလွဲမသွေ ပခုံးပြောင်းထမ်းဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်သည်။

ထို့ကြောင့် **ယနေ့ လူငယ်များအနေဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်မူဝါဒနှင့် ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးချ၍ ကိုယ့်နိုင်ငံ လွတ်လပ်ရေးကို ကိုယ်တိုင်ကာကွယ် စောင့်ရှောက်နိုင်ရန် ကြိုးပမ်းကြသင့်ပေသည်။ အတိတ်ဆိုးများမှ ဖွဲ့သတ္တိနှင့် ရန်းကန်ကာ ရယူပေးခဲ့သော လွတ်လပ်ရေးကို ပစ္စုပ္ပန်တွင် တည်တံ့ခိုင်မာအောင် ထိန်းသိမ်းပြီး အနာဂတ် မျိုးဆက်သစ်တို့လက်ထဲသို့ တိုးတက်ဖွံ့ဖြိုးမှုနှင့်အတူ လွှဲပြောင်းပေးအပ်နိုင်မှသာ သမိုင်းကပေးအပ်သောတာဝန်ကို ကျေပွန်ခဲ့သော မျိုးဆက်များအဖြစ် အနာဂတ်စာမျက်နှာသစ်များတွင် ကမ္ပည်းတင်ကျန်ရစ်ခဲ့မည် ဖြစ်ပါတော့သည်။** ။

ယနေ့လူငယ်များအနေဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်မူဝါဒနှင့် ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးချ၍ ကိုယ့်နိုင်ငံ လွတ်လပ်ရေးကို ကိုယ်တိုင် ကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းကြ။ အတိတ်ဆိုးများမှ ဖွဲ့သတ္တိနှင့်ရုန်းကန်ကာ ရယူပေးခဲ့သော လွတ်လပ်ရေးကို ပစ္စုပ္ပန်တွင် တည်တံ့ခိုင်မာအောင် ထိန်းသိမ်းပြီး အနာဂတ် မျိုးဆက်သစ်တို့လက်ထဲသို့ တိုးတက်ဖွံ့ဖြိုးမှုနှင့်အတူ လွှဲပြောင်းပေးအပ်နိုင်မှသာ သမိုင်းကပေးအပ်သောတာဝန်ကို ကျေပွန်ခဲ့သော မျိုးဆက်များအဖြစ် အနာဂတ်စာမျက်နှာသစ်များတွင် ကမ္ပည်းတင်ကျန်ရစ်ခဲ့မည်ဖြစ်။

3-1 (08).pmd 1 1/3/2009, 1:40 AM

လွတ်လပ်ရေးနေ့ အစိဗ္ဗာန်

*
လွတ်လပ်ရေးသည် ပထမ၊
လွတ်လပ်ရေးသည် ဒုတိယ၊
လွတ်လပ်ရေးသည် တတိယဟု
ရေးကဘိုးဘွား၊ ဒို့သွေးသားတို့
နိုးကြားဟစ်ကြွေး၊ မျိုးမာန်မွေး၍
ပေးခဲ့သက်ပေါင်း၊ ရာထောင်သောင်းတည့်
သွေးချောင်းချွေးချောင်း၊ စုကာပေါင်းသော်
မြစ်ချောင်းပမာ၊ ရှိလေရာတည့်
မြန်မာတို့သွေး၊ လွတ်လပ်ရေးသည်
လေးနက်စစ်မှန်၊ အဖိုးတန်၏။

*
နယ်ချဲ့သွေးစုပ်၊ အမျိုးယုတ်ကို
တိုက်ထုတ်တော်လှန်၊ အောင်ပွဲခံသည့်
ဝံသာနုသွေး၊ လွတ်လပ်ရေးကို
ရေးကလည်းချစ်၊ ခုလည်းချစ်၍
ကျစ်လျစ်ခိုင်မာ၊ စုစည်းကာလျှင်
ကာကွယ်စောင့်ရှောက်၊ မျိုးဂုဏ်မြောက်အံ့
ဒို့လျှောက်မည့်လမ်း၊ ဒို့စခန်းကို
အောင်ပန်းခက်ဝေ၊ ပန်းသပြေနှင့်
ဒို့တွေရောက်အောင် ချီတက်စို့။ ။

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ပန်းတောင်းသန်းကြွယ်

မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း(မန္တလေး) အဆောက်အအုံ။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စက်မှုစွမ်းအား မြှင့်တင်ရန် နိုင်ငံအနှံ့ စက်မှုကဏ္ဍကို အလေးထား ဖော်ဆောင်ပေးလျက်ရှိသည်။

တန်(၂၀၀) စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)နှင့် တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)တို့ကို ဝေဟင်မှ ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

စဉ်	စက်ရုံအမည်	တည်နေရာဒေသ	ဖွင့်လှစ်သည့်နေ့
၁	စားသောက်ကုန်စက်ရုံ	ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်	၁၅-၁-၂၀၀၈
၂	ကျောက်ဆည်ဆေးဝါးလုပ်ငန်း စက်ရုံ(အင်ရောင်း)	မန္တလေးတိုင်း၊ ကျောက်ဆည်မြို့	၂၀-၁-၂၀၀၈
၃	စက်မှုသင်တန်းကျောင်း(မန္တလေး)	မန္တလေးတိုင်း၊ မန္တလေးမြို့	၂၉-၈-၂၀၀၈
၄	မြေထိုး၊ မြေတူးယန္တရားထုတ်လုပ်မှု စက်ရုံ(သာဂရ)	ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်	၃၀-၉-၂၀၀၈
၅	တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)	ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ်	၁၆-၁၁-၂၀၀၈

သွင်းကုန် အစားထိုး ထုတ်လုပ်မှုကြောင့် နိုင်ငံခြားငွေ သက်သာစေခဲ့သည့် ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည် မြို့နယ်ရှိ မြေထိုး၊ မြေတူး ယန္တရား ထုတ်လုပ်မှု စက်ရုံ(သာဂရ)။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန၏ (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း၊အမှုထမ်းများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

အလုပ်သမားဝန်ကြီးဌာန၏ (၆၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဇန်နဝါရီ၂ရက် နံနက်၇နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၂၁)ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင် ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာထမ်း၊အမှုထမ်းများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားပြီး ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း၊အမှုထမ်းများအား ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက အသီးသီးဆုများပေးအပ်ချီးမြှင့်ကြပြီး စာပေထူးချွန်ဆု၊ စွမ်းဆောင်ရည်ဆု၊ လုပ်သက်ဆု၊ ဘာသာရပ်ကျွမ်းကျင်မှုဆုတို့ အပါအဝင် စုစုပေါင်း ၃၉ဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း

ပညာရေးစုံညီပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ အဆိုပါပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ခင်းကျင်းရောင်းချ

ထို့အတူ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း ပရိဝုဏ်အတွင်း၌ မိဘဆရာများ၊ ကျောင်းသား ကျောင်းသူများက သုတရသစာအုပ်မျိုးစုံ၊ သင်ကြားရေးနှင့် သက်ဆိုင်သော စာအုပ်စာတမ်းများ၊ သင်ထောက်ကူ ပစ္စည်းများ၊ မုန့်မျိုးစုံဆိုင်များအပါအဝင် ဈေးပွဲတော်ကို တွဲဖက်ကျင်းပ ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)





လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်များ ရောင်းချမည်

နေပြည်တော် ဇန်နဝါရီ ၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ငွေကျပ် ၂၀၀တန်နှင့် ၃၀၀တန်နှစ်မျိုးကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီခွဲမှစတင်၍ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဇန်နဝါရီ၄ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများအပေါ် တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဂူနှင်းအထက စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရွှေဂူနှင်းအထက၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေဂူနှင်းအထက၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)အထက် အပူဇော်ခံမည့် ဆရာကြီးဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်း ဖုန်း-၀၅၈-၄၅၈၈၈၊ ဦးတင်ဖေ-ဒေါ်မြင့်ရီ ဖုန်း-၀၅၈-၂၁၀၆၈(ရွှေဂူနှင်း)၊ ဦးဖိုးလုံး-ဒေါ်ကျင်လွမ်း ဖုန်း-၀၅၈-၂၂၀၁၈၊ (ရွှေဂူနှင်း) (ဘားအံ) ဖုန်း-၀၉-၈၇-၃၀၁၂၅၊ ၀၉-၅၆-၆၀၆၁၃(ဘားအံ)၊ ဒေါက်တာ တင်ဝင်းကျော် ဖုန်း-၀၅၈-၄၇၆၀၀ (ရွှေဂူနှင်း)၊ ဦးတင်အေး ဖုန်း-၀၉-၅၀-၁၆၆၇၄(ရန်ကုန်)၊ ဒေါ်စောနွဲ့ ဖုန်း-၀၉-၅၁-၈၃၁၂၄(ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

(၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၈ရက်၊ ဥပုသ်နေ့)
၃-၁-၂၀၀၉ရက်
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူ ကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဆိုပြိုင်ပွဲ
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ **အနိုင်အရှုံး** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၈:၁၅ ၇။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ လက်ဆင့်ကမ်းဝေ ဂီတအမွေ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၂၅ ၃။ Yan Can Cook
၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၄၅ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၃:၁၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၁၀)
၁၄:၀၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၄:၄၅ ၈။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရသစာပေအရေး အသားအထူးပြု) (ရသစာပေအရေးအသား)
၄:၃၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၄၅ ၅။ တေးဂီတအစီအစဉ်
၅:၀၀ ၆။ မြန်မာ့ဓလေ့ ရိုးရာလက်ဝှေ့
၅:၁၅ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၄၅ ၈။ (၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၅၅ ၁၂။ ပဋ္ဌလက်ကျောင်းတော်
၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၇)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု (ကျေးရွာဖွံ့ဖြိုးပြည့်အကျိုး)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်စစ်ရှာဖွေခြင်း"** (အပိုင်း-၂၁)
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၀။ အစီအစဉ်ပြီး၏။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးပြိုင်ပွဲများကျင်းပ

ပရိသတ်များ ကြိတ်ကြိတ်တိုး အားပေးကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် မြင်းစီးအားကစားပြိုင်ပွဲဖွင့်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ရန်ကုန် မြင်းစီးအားကစားကွင်း၌ ဇန်နဝါရီ ၂ရက် နံနက်၈နာရီက ကျင်းပခဲ့သည်။



မြင်းအငယ်တန်း ဒုန်းစီးပြိုင်ပွဲ ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

ဒုန်းစီးပြိုင်ပွဲ

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က အဖွင့်အမှာစကား ပြောကြားပြီး မြင်းစီးအားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဇန်နဝါရီ ၂ရက်၌ ၄ပေ ၁၀လက်မအောက် မြင်းအငယ်တန်းဒုန်းစီးပြိုင်ပွဲ လူရွေးချယ်ပွဲနှင့် ၄ပေ၁၀လက်မအထက် မြင်းအကြီးတန်း ဒုန်းစီးပြိုင်ပွဲ လူရွေးပွဲများကို ကျင်းပသည်။

အငယ်တန်း

မြင်းအငယ်တန်း ဒုန်းစီးပြိုင်ပွဲတွင် အုပ်စု(က)၊ အုပ်စု(ခ)နှင့်အုပ်စု(ဂ)များခွဲကာ ယှဉ်ပြိုင်ကြရာ အုပ်စု(က)တွင် မြင်းစီးအားကစားသမား ဝင်းမြင့်အောင် စီးနင်းသည့် ရွှေအိမ်စံအမည်ရှိမြင်းက ပထမနှင့် မြင်းစီးအားကစားသမား အောင်သူထွန်း စီးနင်းသည့် ချောမှချောအမည်ရှိမြင်းက ဒုတိယရရှိကာ ဖိုင်နယ်ပွဲတက်ရောက်သွားသည်။

မြင်းအငယ်တန်း ဒုန်းစီးပြိုင်ပွဲ အုပ်စု(ခ)တွင် မြင်းစီးအားကစားသမား သန့်ဇင်စီးနင်းသည့် Ruby အမည်ရှိ မြင်းက ပထမရရှိပြီး မြင်းစီးအားကစားသမား ဇင်မင်းဦး စီးနင်းသည့် ပုဂံမင်းသမီးမြင်းက ဒုတိယရရှိကာ ဖိုင်နယ်ပွဲတက်ရောက်သွားသည်။ မြင်းအငယ်တန်း ဒုန်းစီးပြိုင်ပွဲအုပ်စု(ဂ)တွင် မြင်းစီးအားကစားသမား ဦးစိုးသိန်း စီးနင်းသည့် မိချောအမည်ရှိမြင်းက ပထမရရှိပြီး မြင်းစီးအားကစားသမား သန်းလွင် စီးနင်းသည့် စိန်နီမေအမည်ရှိမြင်းက ဒုတိယရရှိကာ ဖိုင်နယ်ပွဲ တက်ရောက်သွားသည်။

အကြီးတန်း

ထို့အတူ မြင်းအကြီးတန်း ဒုန်းစီးပြိုင်ပွဲတွင် အုပ်စု(က)၌ မြင်းစီးအားကစားသမား ဦးဖိုးချွန် စီးနင်းသည့် စိန်မေအောင် အမည်ရှိသောမြင်းက ပထမရရှိပြီး သန့်ဇော်မိုး စီးနင်းသည့်မြင်းက ဒုတိယရရှိကာ ဇော်မင်းသန့် စီးနင်းသည့် ဇေယျာအောင်မြင်းက တတိယဖြင့် ဖိုင်နယ်ပွဲတက်ရောက်သွားသည်။ မြင်းအကြီးတန်းဒုန်းစီးပြိုင်ပွဲ အုပ်စု(ခ)တွင် မြင်းစီးအားကစားသမား ဦးသိန်းဝင်း စီးနင်းသည့် စိန်ဆင့်အမည်ရှိ မြင်းက ပထမ၊ သန်းလှိုင် စီးနင်းသည့် ရွှေဦးအမည်ရှိ မြင်းက ဒုတိယနှင့် ဘခန့်စီးနင်းသည့် ထိပ်ကွက်အမည်ရှိမြင်းက တတိယရရှိကာ ဖိုင်နယ်ပွဲတက်ရောက်သွားကြသည်။

မြင်းစီးပြိုင်ပွဲကို ဇန်နဝါရီ ၃ရက်နှင့် ၄ရက်နေ့များ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၃ရက်(**ယနေ့**)တွင် မြန်မာ့ရိုးရာ အသားကျစီးပြိုင်ပွဲ(**အလွတ်တန်း**)နှင့် တန်းခုန်ပြိုင်ပွဲ(**အလွတ်တန်း**)ပွဲစဉ်များ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

မြင်းအကြီးတန်း ဒုန်းစီးပြိုင်ပွဲကို ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (မြန်မာ့အလင်း)

အထက-၂ မအူပင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

အထက-၂ မအူပင် (ယခင် ABM ကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့်ပြီး ဆရာကြီး ဆရာမကြီးများနှင့်ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် အကျိုးဆောင်အဖွဲ့မှ နှိုးဆော်ထားသည်။ အလှူငွေထည့်ဝင်လိုသူများအနေဖြင့် အောက်ပါလိပ်စာ ဖုန်းများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

အလှူငွေများကို အထက-၂ ကျောင်းအုပ်ကြီး ဖုန်း-၀၄၅-၃၀၄၇၁၊ ဦးကျင်ဝင်း ဖုန်း-၀၄၅-၃၀၆၂၄၊ ဦးနိုင်ဇော်လင်း ဖုန်း-၀၄၅-၃၀၃၉၄၊ ဒေါ်ခင်ခင်သိန်း ဖုန်း-၀၄၅-၃၀၇၅၂၊ ဦးကျော်အောင် ဖုန်း- ၀၉-၈၅-၈၅၈၅၈၊ ဦးလှမြင့်စိုး ဖုန်း-၀၄၅-၃၁၀၇၂၊ ဦးဇော်မင်း ဖုန်း-၀၉-၅၁-၈၁၆၅၂ ရန်ကုန်၊ ဦးသန်းစိုး ဖုန်း- ၀၁-၆၅၀၆၁၉ ရန်ကုန်၊ ဦးစိုးသိန်း ဖုန်း-၀၉-၅၀၃၆၅၆၂၊ ၀၁-၇၀၇၃၉၁ ရန်ကုန် သို့ ဆက်သွယ်နိုင်ပြီး လိုက်ပါမည့် သူများသည် ဇန်နဝါရီ ၁၀ ရက် နံနက် ၇နာရီ၌ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြေးသွန်းဘုရားရှေ့မှ မော်တော်ယာဉ်ဖြင့် စတင်ထွက်ခွာမည်ဟုသိရသည်။

(မြန်မာ့အလင်း)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အထူးဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အထူးဈေးရောင်းပွဲတော်ကို ယမန်နေ့က ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပသည်။

အထူးဈေးရောင်းပွဲတော်တွင် အသင်းဝင် စီးပွားရေးလုပ်ငန်းရှင်များက အထူးလျှော့ဈေးဖြင့် အဝတ်အထည်၊ အလှကုန်၊ ဆေးဝါး၊ လက်ဝတ်ရတနာနှင့် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းနှင့် သက်ဆိုင်သော ပြခန်းများကို ခင်းကျင်းပြသရောင်းချရာ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း တည်ထောင်သူ အကြံပေးပုဂ္ဂိုလ်အငြိမ်းစားပါမောက္ခဒေါ်ရီရီမြင့်နှင့် အလုပ်အမှုဆောင်များက ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီးတို့သည် ဒီဇင်ဘာ ၂၆ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာ၌ ကျင်းပသော နွားထိုးကြီးမြို့နယ်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး ဆေးတက္ကသိုလ် ဝင်ခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ဆေးတက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ၁၀ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ပညာသင်ထောက်ပံ့ကြေး အဖြစ် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် နွားထိုးကြီးမြို့နယ် စက်မှုရပ်ကွက် တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး စက်မှုရပ်ကွက် တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့

ထို့နောက် ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ခန်းမ၌ မြို့နယ်ဆရာဝန်ကြီး၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသောင်းနှင့် ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး၏ ဇနီးက နွားထိုးကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အတွက် ငွေကျပ်သုံးသောင်းစီကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြကာ လူနာများအား အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နွားထိုးကြီးမြို့နယ် အားကစားခန်းမ၌ ကျင်းပသည့် ဘော်လီဘောပြိုင်ပွဲသို့ သွားရောက်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လားရှိုးမြို့ အထက(၆) မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကျင်းပမည်

လားရှိုး ဇန်နဝါရီ ၂

လားရှိုးမြို့ အထက(၆) (ယခင် ပန်အုပ် အမက၊ အလက-၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဇန်နဝါရီ ၃၁ ရက် (စနေနေ့) နံနက် ၈နာရီတွင် ကျောင်းဝင်း ကမ္ဘောဇခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲသို့ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများကိုယ်တိုင် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးသူအောင် ဖုန်း-၀၈၂-၂၃၀၁၇၊ ဦးဉာဏ်ဝင်း ဖုန်း-၀၉-၅၂-၆၁၂၄၀၊ ဦးလှိုင်တိုး ဖုန်း-၀၉-၅၂-၃၃၁၇၅၊ ဦးမောင်မောင် ဖုန်း-၀၉-၅၂-၆၀၈၃၁၊ ဦးစိုင်းဆိုင်ဖ ဖုန်း-၀၉-၅၂-၆၁၅၇၀၊ ဦးမင်းခိုင် ဖုန်း-၀၉-၅၂-၆၂၀၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

● ကျောဖုံးမှ

မကြာမီက မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း မြိတ်မြို့သို့ ဒေသဖွံ့ဖြိုးရေးသတင်းဆောင်းပါးများရေးသားရန်ရောက်ရှိနေခဲ့ရာ မြိတ်မြို့၏ တစ်ခုတည်းသော မြိတ်အထပ်သားကုမ္ပဏီလီမိတက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ယင်းအထပ်သားစက်ရုံသည် မြိတ်မြို့အနီး မြိတ်တောင်ရပ်ကွက်တွင်တည်ရှိသည်။ သတင်းအဖွဲ့ရောက်ရှိချိန်တွင် ညနေမှောင်စပျိုးနေပြီဖြစ်သော်လည်း အထပ်သားများထုတ်လုပ်နေဆဲဖြစ်သည်ကို တွေ့ရသည်။

ခေတ်မီ စက်ကိရိယာများဖြင့် သစ်လုံးကြီးများမှ သစ်ပါးလွှာများ ထုတ်လုပ်ပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

အလွန်ကြီးမား

စက်ရုံကြီးမှာ အလွန်ကြီးမားလှသည်။ စက်ရုံအတွက်လိုအပ်သော သစ်လုံးများကို အနီးရှိချောင်းတစ်ခုအတွင်းမှ ကရိန်းဖြင့်ဆွဲတင်၍ စက်များသုံးပြီး ချက်ချင်းဖြတ်တောက်ကာ အထပ်သားလွှာဖြတ်နေသည့် မြင်ကွင်းကိုလည်းတွေ့ခဲ့ရသည်။ ယင်း အထပ်သားလွှာစက်ကြီးမှာ အိန္ဒိယနိုင်ငံလုပ်ဖြစ်ပြီး တန်ဖိုးအားဖြင့် မြန်မာကျပ်ငွေ ကျပ်သိန်း တစ်သောင်းကျော်နှင့် အမေရိကန်ဒေါ်လာ ခြောက်သိန်းတန်ဖိုးရှိကြောင်း သိရသည်။

"ကျွန်တော်တို့သစ်ပါးလွှာထုတ်လုပ်ရေး ကုမ္ပဏီအနေဖြင့် သစ်တောဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေပါတယ်၊ ကျွန်တော်တို့စက်ရုံအနေဖြင့် တစ်လကို သစ်ပါးလွှာတန်ချိန် ၂၀၀ အိန္ဒိယနိုင်ငံသို့တင်ပို့နေပါတယ်။ ဈေးကွက်မှာ လိုအပ်နေတဲ့ သစ်ပါးလွှာများ ထုတ်လုပ်ပေးနေပါတယ်။ ဒီကရရှိလာတဲ့ အကျိုးအမြတ်တွေပေါ်မှာမူတည်ပြီး နိုင်ငံတော်သို့ ပေးဆောင်ရမယ့် အခွန်အခများကို နိုင်ငံခြားငွေဖြင့်ပေးသွင်းနေတာကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရရှိစေပါတယ်"ဟု စက်ရုံတာဝန်ခံ ဦးလှမြိုင်က မြန်မာ့အလင်းသို့ ဦးစွာရှင်းပြသည်။

လည်ပတ်ထုတ်လုပ်

ပြီးတော့ ကျွန်တော်တို့ ဒီအထပ်သား စက်ရုံကြီးဖွင့်လှစ်နိုင်ခဲ့တာကြောင့် ဒေသခံပြည်သူ ၁၂၀ခန့်ကိုလည်း အလုပ်အကိုင်များပေးနိုင်ခဲ့ပါတယ်၊ စက်ရုံကတော့ ၂၀၀၄-၂၀၀၅ခုနှစ်မှာ သစ်ပါးလွှာများ လည်ပတ်ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်၊ စက်ရုံအတွက် လိုအပ်တဲ့ကုန်ကြမ်းများကိုတော့ သစ်တောဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘုတ်ပြင်းမြို့နယ်နှင့် ကျွန်းစု မြို့နယ်တို့မှာ ခွင့်ပြုကြိုးပြင်တောမှရရှိပါတယ်"ဟု ဦးလှမြိုင်က ဆက်လက်ရှင်းပြသည်။

သစ်ပါးလွှာများကို ကညင်သစ်အမျိုးအစားမှ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ယင်းသစ်အမျိုးအစားကို ဒေသအခေါ် ဆီသားဟူ၍လည်း ခေါ်ဆိုကြသည်။

သစ်ပါးလွှာ

ယင်းအထပ်သားစက်ရုံမှ သစ်ပါးလွှာများ ဆိုက်စုံထုတ်လုပ်လျက်ရှိရာ ၈ပေ×၄ပေ၊ ၇ပေ×၄ပေ၊ ၆ပေ×၄ပေ၊ ၈ပေ×၃ပေ၊ ၇ပေ×၃ပေ၊ ၆ပေ×၂ပေအစား စားထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

ယင်းအထပ်သားစက်ရုံကြီးမှ မကြာမီ ကာလအတွင်း အဆင့်မြင့်အထပ်သားများ ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း စက်ရုံတာဝန်ခံ ဦးလှမြိုင်၏ပြောကြားချက်အရ သိရသည်။

ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများကိုလည်း ဦးစားပေး လုပ်ဆောင်လျက်ရှိသည်။

အရင်းအနှီး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးဆိုသည့် အချက်သည် နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်တစ်ရပ်ပင်ဖြစ်သည်။

နိုင်ငံတော်စီးပွားရေး အဆောက်အအုံအတွင်း နိုင်ငံပိုင်လုပ်ငန်းများသာမက ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်လာနိုင်ခြင်းကြောင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံခြား တင်ပို့ရောင်းချမည့် သစ်ပါးလွှာများ စည်းနှောင်ထုပ်ပိုးထားသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

3-1 (11).pmd 1 1/3/2009, 1:40 AM

ကမ်းခြေရေတိုက်စားမှုကာကွယ်ရန် ဒီရေတောများစိုက်ပျိုး တမံတည်ဆောက်မှုလုပ်ငန်းများ အမြန်ပြင်ဆင်ဆောင်ရွက်

ကျောက်ဖြူ ဇန်နဝါရီ ၂ (ဖက်စ်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ၁၇ရက်က ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာမှ ငလပွေ့ဆိပ်ခံတံတားအထိ ၄ ဒသမ ၆၃မိုင်အရှည်ရှိသော ရေငန်တား တာတမံပျက်စီးယိုယွင်းနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ရာ **(အပေါ်ပုံ)** ပြည်နယ်ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်မြင့်က အဆိုပါရေငန်တားတာတမံနှင့်ပတ်သက်၍ မြစ်ဘက်ရှိကျောက်စီ ရေငန်တားတမံအား တာတမံပုံစံကျ ပြန်လည်ပြုပြင်မွမ်းမံသွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးမှ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ တိုင်းမှူးက ကမ်းခြေတစ်လျှောက် ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် ဒီရေတောများ စိုက်ပျိုးသွားရန်နှင့် တမံတည်ဆောက်မှုလုပ်ငန်းအား အမြန်ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **(၁၁၃)**

✻ ကျော့ဖုံးမှ

အဆိုပါ သင်တန်းသို့ တပ်မတော် (ကြည်း)မှ သင်တန်းသား ၉၆ဦး တက်ရောက်ကြပြီးသင်တန်းကာလမှာ ရက်သတ္တ ၁၄ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ် ကျောက်ပုန်းကျေးရွာ အမှတ်(၄) လမ်းမဘေးရှိ တောင်သူဦးပေါ်၏ အကွက်အမှတ်(၅၇)၌ ဆင်းသွယ်လတ်စပါးမျိုးဖြင့် နွေစပါးစိုက်ပျိုးမှုကိုကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး လမ်းဘေးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တည်ဆောက်ထားသည့် ဘားလား(၂) စံပြလယ်ယာ လျှပ်စစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ထွဋ်ဝင်းက ငမိုးရိပ်ဆည် ဘားလားတူးမြောင်းသစ်မှ ရေအရင်းအမြစ်ကို အသုံးချ၍ စိုက်ပျိုးမြေများသို့ ရေပေးဝေနေမှုအခြေအနေနှင့် စပါးခွံဓာတ်ငွေ့ လောင်စာနှင့် (30)HP ဒီဇယ်အင်ဂျင်ကို တွဲဖက်အသုံးပြု၍ ရေစုပ်တင်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဘားလား(၂) လျှပ်စစ်ရေတင်စခန်းတွင် တူးမြောင်းအတွင်းသို့ ရေတင်နေမှုနှင့် ရေတင်စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများ စခန်းမှူးဒိုင်း ဆောင်းရာသီ ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

၂၀၀၈ခုနှစ် ကာကွယ်ရေး ဝန်ကြီးဌာန (ကြည်း၊ရေ၊လေ) ရုံး/ ဌာနများ၏ စခန်းမှူးဒိုင်း ဆောင်းရာသီ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်ကြည့်ရှု

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူးဗိုလ်ချုပ် လှအောင်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ဘော်လီဘောအသင်းက ပထမဆုနှင့် တံခွန်စိုက်ဒိုင်းကို ရရှိသွားပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ဘော်လီဘောအသင်းအား ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူးရုံးစခန်းမှူးဗိုလ်ချုပ်လှအောင်သိန်းက ဆုနှင့်တံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်လိုက်သည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ရန်ကုန်/မန္တလေး ဈေးသဘော်ထွက်ခွာမည်

ရန်ကုန် ဇန်နဝါရီ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေး ဈေးသဘော် ခေါက်ရေ(၁) မြစ်ရောရေယာဉ်သည် ယခုလအတွင်း ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ဆက်သွယ်

ဈေးသဘော်ဖြင့် ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၉၂၁၉၉၊ ၂၉၂၃၁၉တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

နယ်မြို့များမှတင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များ၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၁)၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂ရက်က ပြုလုပ်ရာ ဘက်စုံပညာထူးချွန်ဆုရရှိသော သတ္တမတန်း(ခ)မှ မမေနှင်းဇော်အား ကျောင်းအုပ်ဆရာကြီး ဦးရဲတင့် ဆုချီးမြှင့်ပေးအပ်စဉ်။ (၁၂၃)

ရန်ကုန်ခရီးသွား ဂျာနယ်အတွဲ(၂) အမှတ်(၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)မှ ထုတ်ဝေသော ရန်ကုန်ခရီးသွား ဂျာနယ် အတွဲ(၂)အမှတ်(၁)ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယခု ထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် စိုးလွင်ဦး၏ ခရီးသည်များအား ဘတ်စ်ကားပေါ်တွင် စောင့်ရှောက် ကာကွယ်မှုပြုသူများ၊ ဒေါက်တာနုနုယဉ်၏ လူတိုင်းနေရာတိုင်း အရည်အသွေးရှိမှ လူတကာနေရာတကာမှာ အရည်အသွေးရှိမှ၊ အောင်ချိန်ဘွား၏ မြို့ကြီးများမှ ယာဉ်ကြော ပိတ်ဆို့မှုရောဂါ၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၏ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၏ ပညာပေးလှုံ့ဆော်မှုများ၊ တိုက်ကြည် (စဥ့်ကိုင်)၏ စည်းကမ်းလိုက်နာ ဘေးကင်းကွာ၊ ရန်ကုန်ခရီးသွားကျန်းမာရေးကဏ္ဍမှ ဒေါက်တာအောင်ခင်ဆင့်၏ လူဆိုသောကား ဆီ၊ ရေ၊ လေသတိပြု၊ ရန်ကုန် ခရီးသွားနှင့် သုတကဏ္ဍမှ နေစိုးဦး၏ ကိုယ်နှုတ်နှလုံးသုံးပါး စောင့်စည်းပါ၊ ကောင်းသန့်၏ အခွင့်အလမ်း၊ အောင်စည်ဟိန်း၏ လမ်းပန်းဆက်သွယ်ရေးနှင့်မီးရထား၊ မောင်သက်ကြူ၏ ဒုံရင်းကဒုံရင်း မဖြစ်ဖို့နှင့် ခင်မောင်တိုး(မိုးမိတ်)၏ ရန်ကုန်ခရီးသွားနှင့် ဟာသကဏ္ဍများ ပါရှိသည်။

ဆက်သွယ်နိုင်

ထို့ပြင် ရှင်စိုးမိုး၏ မောင်ကြွက်နှင့် မနီပါဝင်သည့် အမှားကြောက်သံသရာ၊ ခင်မြန်မာ၏ မကောင်းမှုနှင့် မကောင်းကျိုး၊ မောင်ခေတ်ထွန်း၏ စိတ်ထားတတ်လျှင် မြတ်ပါသည် ပုံပြင်များနှင့် ဒေါက်တာထီလာစစ်သူ၊ မြင်းမူ မောင်နိုင်မိုးတို့၏ ကဗျာများကို ဖော်ပြထားပြီး တန်ဖိုးမှာ ငွေကျပ်၇၀၀ဖြစ်ကြောင်း၊ ရန်ကုန်ခရီး သွားဂျာနယ်ကို ရန်ကုန်မြို့၊ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများ၊ မန္တလေး ထွန်းဦးနှင့် နဂါးစာပေတို့တွင် ရရှိနိုင်ပြီးစာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်၄၇၄၊ သိမ်ဖြူလမ်း၊ ကန်တော်ကလေး စာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် သချ်ာမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်တက္ကသိုလ် သချ်ာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီးဆရာကြီး၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီခွဲတွင် Western park Royal (ကန်တော်ကြီးဝင်းမဟာမြိုင်ကျွန်း)၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံစားပွဲလက်မှတ်မရရှိသေးသူများ အဆိုပါနေ့တွင် ဝယ်ယူတက်ရောက်နိုင်သည်။ **(သတင်းစဉ်)**

Myanmar Golf Tour 2008-2009 IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co., Ltd.က အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009)၏ ဒုတိယပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ရက်မှ ၁၄ရက်အထိ မန္တလေးတိုင်း မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ Professional အဆင့်နှင့် အပျော်တမ်းအဆင့်(Handicap 0-12)အဆင့် ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။

ချီးမြှင့်မည်

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole-In-One) ဆုရရှိသူများအား ထိုက်ထိုက်တန်တန်ဆုများကို ချီးမြှင့်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဇန်နဝါရီ၉ရက် မွန်းလွဲ၂နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း ၉မိုင် ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁၊ ၀၉-၅၀၁၇၀၄၉နှင့် Yedagun Taung Golf Resort တို့၌ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးနှင့် လွိုင်လင်တွင်အေးမြဆဲ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေ

ရန်ကုန် ဇန်နဝါရီ ၂

ဇန်နဝါရီ၃ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကိုဖော်ပြရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ၃ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်၌ သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကိုဖော်ပြရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်

ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ ကျန်ဒေသများ၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင်(-၂)ဒီဂရီ စင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၌ ၃ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

အိမ်ကြီးအိမ်ကောင်းနှင့် အမှန်တကယ်နေချင်သူများအတွက်သာ

Putting Green

ဖုန်း-၅၇၉၁၉၁၊ ၃၇၂၆၆၀

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်စောမြင့်ကြူ၏ PP နံပါတ် ၆၇၁၄၁၄ သည် ခရီးသွား လာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၅၇-၂၄၁၆၆။**

စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲများကျင်းပ

မန္တလေး ဇန်နဝါရီ ၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးတွဲစီမံကြီးကြပ်ဆောင်ရွက်၍မန္တလေးမြို့ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး မန္တလေးခရိုင်၊မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှကျင်းပသော ပဲ၊ ပြောင်း၊ ဝါ၊ နေကြာနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲကို မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်များအတွင်း ရှိမြို့နယ် ၃၂ မြို့နယ်၌ ကျင်းပခဲ့သည်။

ဟောပြော

မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ (မြေညီထပ်)၌ ပဲ၊ ပြောင်း၊ ဝါ၊ နေကြာနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၉ရက် မွန်းလွဲ၂နာရီခွဲက ကျင်းပရာမြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်တက်ရောက် အမှာစကား ပြောကြားပြီး ဖွင့်လှစ်ပေးသည်။ အယ်ဒီတာ ဒါရိုက်တာ ဇွန်မောင်မောင်က ပဲ၊ ပြောင်း၊ ဝါ၊ နေကြာနှင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးနှင့် ဆက်နွယ်သော မိုးနှောင်းချည်မျှင်ရှည်ဝါ၊ ဆီထွက်သီးနှံများ၊နှစ်ရှည်ပင်စိုက်ပျိုးရေး၊ လယ်ယာစိုက်ပျိုးခြင်းနှင့်တွဲဖက်လျက် တစ်နိုင်တစ်ပိုင် ဆိတ်၊ နွား၊ ဘဲ၊ သားငါး မွေးမြူ ရေး၊လူသားစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စာရေးဆရာမ ခရေ(ပုလော)က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးအကြောင်းတို့ကို ဟောပြောကြသည်။ ထို့နောက် အယ်ဒီတာ ဒါရိုက်တာဇွန်မောင်မောင်အား မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည် **(အပေါ်ပုံ)**က အမှတ်တရဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပေးအပ်ခဲ့သည်။ **(လယ်ယာ/ဆည်မြောင်း)**

သာကေတ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သာကေတမြို့နယ်၏ (၁၀) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း မြဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၆၀ ပြည့်နှစ်နှင့် အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများ ကြွရောက်အပူဇော်ခံကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။

အလှူငွေများဆက်သွယ်လှူဒါန်းလိုပါက ဦးမောင်ဝင်း ဖုန်း-၃၇၁၉၇၄၊ ဦးစိုးသိန်း ဖုန်း-၃၇၉၆၆၈၊ ၀၉-၅၁-၀၈၃၈၅၊ ဦးမင်းဟန် ဖုန်း-၅၄၃၂၈၈၊ ဒေါ်အေးသန်း ဖုန်း-၅၄၁၄၇၉၊ ၀၉-၅၁-၂၂၇၈၁၊ ဒေါ်စန်းစန်း ဖုန်း-၅၅၆၅၇၅၊ ၂၉၁၄၁၇၊ ၀၉-၅၁-၇၆၀၉၁၊ ဦးကျော်ဇော ဖုန်း-၅၄၇၃၇၂၊ ၀၉-၅၁-၃၃၄၉၆၊ ဦးဟန်မြင့် ဖုန်း-၅၃၉၃၁၄၊ ဦးအေးမြင့်မောင် ဖုန်း-၀၉-၅၁-၅၉၃၂၉၊ ဒေါ်ကြည်မြင့် ဖုန်း-၀၉-၅၁-၃၉၇၆၂၊ ဦးနီကိုလေး ဖုန်း-၅၅၇၂၉၉၊ ဒေါ်သန်းသန်း ဖုန်း-၅၄၁၃၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်

ရွှေကျင် ဇန်နဝါရီ ၂

ရွှေကျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် ရွှေတောင်ဦးဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း(မြို့ပြ) လုပ်ငန်းတွင် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က ကွင်းဆင်းစစ်ဆေး ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဦးခင်မန်း(၇၆)နှစ် ချင်းလူမျိုး၊ မြန်မာစကားမတတ်၊ အပြာရောင်ဘောင်းဘီနှင့် အပြာရောင် ကုတ်အင်္ကျီဝတ်သည် နေအိမ်မှ ၂၄-၁၂-၂၀၀၈ ရက်တွင် ထွက်ခွာသွားပြီး အိမ်ပြန်မလာတော့ပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပါရန် ကျေးဇူးဆပ်ပါမည်။ ဆက်သွယ်ရန်လိပ်စာ အမှတ်-၁၅၊ လယ်ယာ ၂လမ်း၊ ၁၀ ရပ်ကွက်(မြောက်)၊ သာကေတ၊ ဖုန်း-၀၁-၇၂၇၀၀၆၊ ၀၁-၅၄၂၀၇၃၊ ၀၉-၅၀-၇၁၅၂၅။

ဦးဆန်အုပ်လျန်-ဒေါ်ကျဲရ်ဇီး။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၊ အုတ်ကျင်းရပ်၊ နယ်မြေ(၆)နေ ဦးမျိုးညွန့်-ဒေါ်တင်တင်အေး (ခ) ဒေါ်နီနီအေးတို့၏ သမီး၊ မဇူလိုင်မျိုး(ခ) မဇူးဇူး ၁၃/သပန(နိုင်)၀၅၉၆၆၀သည် မိဘ မောင်နှမဆွေမျိုးများ၏ ဂုဏ်သိက္ခာထိခိုက်စေသော အပြုအမူများပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဦးမျိုးညွန့်-ဒေါ်တင်တင်အေး(ခ)ဒေါ်နီနီအေး
သီပေါမြို့။

မြန်မာလိဂ်(အဆင့်မြင့်တန်း)ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနဲ့ စွမ်းအင်အသင်းတို့ ဂိုးမရှိ သရေကျသွားပါတယ်။

ကမ္ဘောဇအသင်း-ဂိုးမရှိ
စွမ်းအင်အသင်း- ဂိုးမရှိ

ကမ္ဘောဇအသင်းအနေနဲ့ ဒီနေ့ပွဲကို အနိုင်ရရှိသင့်ပေမယ့် အပိုင်ဂိုးဆက် အနိုင်ရအောင်တော့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ပထမပွဲမှာ ကာကွယ်ရေးကို တစ်ဂိုးတည်းနဲ့ အနိုင် ရရှိထားခဲ့တဲ့ စွမ်းအင်အသင်းဟာ အခုပွဲမှာ ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း၊ အောင်ကျော်မျိုး၊ နိုင်ဝင်းတို့နဲ့ လူစုံထုတ်ခဲ့ပါတယ်။ ပထမပိုင်းမှာ ကမ္ဘောဇအသင်း ခြေအသာနဲ့ ဖိကစားနိုင်ခဲ့သလို ဒုတိယပိုင်းမှာ စွမ်းအင်အသင်းပြန်အသာရခဲ့ပေမယ့် နှစ်သင်းစလုံးအနိုင်ဂိုးတွေကိုတော့ မသွင်းယူနိုင်ခဲ့ကြပါဘူး။

ကမ္ဘောဇအသင်းမှ အောင်မိုး၏ ဂိုးသွင်းရန် ကြိုးစားမှုကို စွမ်းအင်နောက်ခံလူ ကျော်ခိုင်ဝင်းနှင့် ဂိုးသမား ကျော်မင်းလှိုင်တို့ ကာကွယ်စဉ်။ (မြန်မာ့အလင်း)

သွင်းခွင့်တွေကို အသုံးမချနိုင်ခဲ့လို့ နိုင်ပွဲနဲ့ဝေးသွားခဲ့ရ ပါတယ်။ ပွဲဦးထွက်ပွဲမှာ တန်းတက် Air Bagan F.C ကို မမျှော်လင့်ဘဲ အရေးနိမ့်ခဲ့တဲ့ ကမ္ဘောဇအသင်းကတော့ အခုပွဲကို အမှတ်ပြည့်ရယူဖို့ ကြိုးစားခဲ့ပေမယ့် သရေ တစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။

လူစုံထုတ်

စွမ်းအင်အသင်းကတော့ အခုပွဲ သရေ ရလဒ်ကြောင့် အဆင့်(၄) နေရာ အထိ ရောက်လာပြီးနှစ်ပွဲဒဏ်ရာရထားတဲ့ အေးဆန်းနဲ့ နေဝင်းတို့က လွဲရင် ဟန်ဝင်းအောင်၊ ကျော်သီဟ၊ စိုးမင်းဦး၊ အောင်မိုးတို့နဲ့ လူစုံနီးပါးပါဝင်ခဲ့တဲ့ ကမ္ဘောဇအသင်းရဲ့ ကစားပုံဟာ စွမ်းအင်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ကမ္ဘောဇအသင်းဟာ တောင်ပံနှစ်ဖက်ကို အားပြုထိုးဖောက်ခဲ့ပြီး တောင်ပံတွေကနေ ဖြတ်တင်ဘောတွေသာ တိကျခဲ့မယ်ဆိုရင် ပွဲအဖြေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပါတယ်။ ဒါ့အပြင် ဂိုးရရှိနိုင်မယ့် အပိုင်အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာကလည်း ကမ္ဘောဇကို ကံဆိုးသွားစေခဲ့ပါတယ်။ ၂၂မိနစ်မှာ ကျော်သီဟအပိုင်ကန်သွင်းချက်ဟာ ဘေးထွက်သွားခဲ့သလို အဲဒီနောက်ပိုင်းမှာ စိုးမင်းဦးသုံးကြိမ်၊ ကျော်သီဟ၊ အောင်မိုးနဲ့ အောင်သန်းဝင်းတို့ ကန်ချက်တွေဟာ ဘားထိဘေးထွက်၊ ဂိုးသမားကာကွယ်ခဲ့ပါတယ်။ စွမ်းအင်အသင်းကတော့ ပထမပိုင်းမှာ ကစားပုံပျက်နေပြီး မာလနဲ့ အောင်ကျော်မျိုးတို့ရဲ့ တွဲလုံးဟာ လည်း ကမ္ဘောဇ ခံစစ်မှူးတွေကို မကျော်နိုင်ခဲ့ပါဘူး။

တိုက်စစ်အားမြှင့်

ဒုတိယပိုင်းမှာတော့ စွမ်းအင်အသင်းဟာ ခြေစွမ်းမပြနိုင်တဲ့ တိုက်စစ်မှူးမာလအစား ဝေယံမောင်ကိုထည့်ပြီး တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ ၅၅မိနစ်မှာ အလယ်ကြောကနေ ဇော်ထက်အောင်ပေးတာကို အောင်ကျော်မျိုးဆွဲပြေးပြီး ကမ္ဘောဇ ဂိုးသမားကျော်ဇင်ထက်ကို ကျော်ထည့်ပေမယ့် ဂိုးဘေးက ကပ်ထွက်သွားပါတယ်။ ကမ္ဘောဇအသင်းရဲ့ ကစားပုံကတော့ ပထမပိုင်းလို မဟုတ်ဘဲ အမှားများခဲ့ပါတယ်။ စောစီးစွာ လူစားလဲမှုပြုလုပ်သင့်ပေမယ့် မိနစ် ၇၀ကျော်မှသာ လူစားလဲခဲ့တာကြောင့် တိုက်စစ်ဟာ ထင်သလောက် မထိရောက်ခဲ့ပါဘူး။ ပွဲပြီးခါနီးမှာ စွမ်းအင်တရစပ် ဖိလာခဲ့ပေမယ့် ကမ္ဘောဇနောက်တန်းထိန်းချုပ်နိုင်ခဲ့လို့ ဂိုးမရှိ သရေနဲ့ အဆုံးသတ်ခဲ့ရပါတယ်။

ယနေ့ပွဲ

ညနေ ၃နာရီ
(သုဝဏ္ဏကွင်း)
စီးပွား/ကူးသန်း - ဆောက်လုပ်ရေး
(အောင်ဆန်းကွင်း)
မြို့တော်စည်ပင်နှင့် သစ်တောရေးရာ
(မြန်မာ့အလင်း)

ချောင်းကူးတံတားများတည်ဆောက်ရန် အလှူငွေပေးအပ်

ကလေး ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်း ကလေးမြို့နယ် အနောက်မြောက် -အရှေ့လမ်း၊ ကျောင်းတိုက်၊ ဆည်တော်ဦး၊ အောင်မြင်သာ၊ နန်းချောင်းနှင့် မောက်လင်းကျေးရွာလမ်းပိုင်းရှိ ချောင်းကူးတံတားများဆောက်လုပ်ရန် စေတနာရှင် ပြည်သူတို့၏ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက် မွန်းတည့်၁၂နာရီက ကလေးမြို့နယ် ဆည်တော်ဦးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားတွင် ကလေးတပ်နယ်မှ ဗိုလ်မှူးကြီး အောင်စန်းချစ်က အမှာစကား ပြောကြားပြီး ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်းက ချောင်းကူးတံတားများ ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ဆက်လက်၍ အလှူငွေ ပေးအပ်ပွဲ ကျင်းပရာ ကျောင်းတိုက်၊ ဆည်တော်ဦး၊ အောင်မြင်သာ၊ နန်းချောင်းနှင့် မောက်လင်းကျေးရွာများရှိ အလှူရှင် ၄၄ဦးက ငွေကျပ် ၁၁၁၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဗိုလ်မှူးကြီး အောင်စန်းချစ်နှင့် တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စိန့်ဂျွန်း (အထက-၁၊ လမ်းမတော်) ကျောင်းသားဟောင်းများမိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

စိန့်ဂျွန်း (အထက-၁၊လမ်းမတော်) ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိတ်ဆုံညစာ စားပွဲကို ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ဘဲလေးစားတော်ဆက် (နန်းသီတာအဆောက်အအုံ ပန်းဆိုးတန်းဆိပ်ကမ်းသာ)၌ ကျင်းပမည်ပါ၍ ကျောင်းသားဟောင်းများလာရောက်ပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အမက(၃၂) ကျောင်းဝင်းအတွင်း၊ အပြင်တို့တွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီ ကျောင်းအကျိုးတော်ဆောင် အဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများ ဒီဇင်ဘာ ၃၀ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၇၁)

ဒီဇင်ဘာအားကစားလ မကွေးမြို့၌ စုပေါင်းလမ်းလျှောက်

မကွေး ဒီဇင်ဘာ ၂၆

မကွေးတိုင်း လူထုအားကစားလှုပ်ရှားမှု ဦးစီးကော်မတီ၏ ဦးဆောင်မှုဖြင့် ၂၀၀၈ခုနှစ် ဒီဇင်ဘာလတတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၀ရက် နံနက် ၅နာရီက မကွေးမြို့၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်ဇနီး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မကွေးခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ အားကစားဝါသနာရှင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ပုံ)**

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲကို သတ်မှတ်ချိန်တွင် မကွေးခရိုင် အားကစားကွင်းရှေ့မှ စတင်ထွက်ခွာကြပြီး တောင်တွင်းကြီးလမ်း၊ ဗိုလ်ချုပ်လမ်း၊ နတ်မောက်လမ်း၊ ရေဝတီတံတားအဝိုင်း ပတ်မှတစ်ဆင့် ခရိုင်အားကစားကွင်းသို့ ပြန်လည်ရောက်ရှိကြပြီး ကာယလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)တို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

ဆားလင်းကြီးမြို့၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ဆားလင်းကြီး ဒီဇင်ဘာ ၂၀

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)များ သိရှိနားလည်ရေးအတွက် ဒီဇင်ဘာ ၅ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ စာဖတ်ပွဲကျင်းပသည်။

ရှေးဦးစွာ မုံရွာခရိုင် ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက စာဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက် အလက်များကို သိရှိနားလည်စေရန် အပတ်စဉ် စာဖတ်ပွဲများကျင်းပသွားရန် အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြက ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃) နိုင်ငံတော်အကြီးအကဲကဏ္ဍကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင် - ၃ ဦးအောင်ကိုက ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ဥပဒေပြုရေးကဏ္ဍကိုလည်းကောင်း ဖတ်ကြားဆွေးနွေးပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၃)နှင့်(၄)တို့၏ ဆိုလိုရင်းအချက်များကို လည်းကောင်း ခြုံငုံသုံးသပ်ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ခရီးသည်များသွားလာမှု အဆင်ပြေစေရေးနှင့် ယာဉ်မတော်တဆမှု မဖြစ်ပွားရေး ပညာပေး

ဘားအံ ဒီဇင်ဘာ ၃၁

ကရင်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ပို့ဆောင်ဆက်သွယ်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးသန်းထွန်း၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်အောင်၊ ယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ခံဒုတိယရဲမှူးစိန်ဝင်းနှင့် မီးသတ်ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးအောင်ကြင်ထွန်းတို့ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ၆ရက် မွန်းလွဲပိုင်းက ဘားအံမြို့ အဝေးပြေးယာဉ်ရပ်နား စခန်း၌ ဘားအံ-ရန်ကုန်ခရီးသည်တင်ပြေးဆွဲနေသော မှန်လုံယာဉ်များမထွက်ခွာမီ ဝင်ရောက်စစ်ဆေးသည်။ **(အပေါ်ပုံ)** **(ပြည်နယ် ကညန)**

တောင်တွင်းကြီးမြို့နယ် ပြန်/ဆက်ဦးစီးဌာနသို့ တယ်လီဖုန်းနှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

တောင်တွင်းကြီး ဒီဇင်ဘာ ၂၈

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး တယ်လီဖုန်းတစ်လုံးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ရက် နံနက် ၉နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးရုံး သက်သာဆိုင်ခန်းရှင်များက လှူဒါန်းသည့် ငွေကျပ် ၁၅၀၀၀ တန် Panasonic အမျိုးအစား KX.TSC 983 CID တယ်လီဖုန်းတစ်လုံးကို ဆိုင်ခန်းရှင်များကိုယ်စား ဦးဖုန်းဇော်နှင့် ဦးအောင်ကျော်ငြိမ်းတို့ကလည်းကောင်း၊ ဦးဇော်ဇော်အောင်က စိမ်းလဲ့ရွှေပြည်ဂျာနယ်နှင့် ရွှေနိုင်ငံဂျာနယ် အစောင် ၁၂၀ကိုလည်းကောင်း၊ အလှူရှင် ဦးရဲမြင့်ထွန်းက ဂျာနယ်မျိုးစုံ ၃၆စောင်ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဇော်ဌေးအောင်က လက်ခံယူကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဂျာနယ်လစ်ဆုရရှိသူများ ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၈ ခုနှစ်အတွင်း ဂျာနယ်ပေါင်းစုံမှ ရွေးချယ်ထားသည့် ဂျာနယ်လစ်ဆု (Mr.Journalist နှင့် Miss.Journalist)ရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ ၁ နာရီက စမ်းချောင်းမြို့နယ် ဗမ္ဗူရစ်လမ်း အမှတ် ၁၈ ၌ ကျင်းပရာ နတ်ရေကန် ဦးတင်မောင်ထွေးက ဂျာနယ်လစ်ဆုရရှိသူ စွယ်စုံမီဒီယာဂရုမှ မောင်မင်းအိုက်စွန်းန်(ဝဲအစွန်)နှင့် မဖြိုးဖြိုးအောင်(အလယ်) **(အပေါ်ပုံ)**တို့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီ ချီးမြှင့်လိုက်ကြောင်း သိရသည်။

အနုပညာရှင်များ တက်ရောက်

ထိုပွဲသို့ စွယ်စုံမီဒီယာဂရုမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာခင်မိုးမိုး၊ အကြံပေး အယ်ဒီတာ ဦးမြင့်သူရနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အနုပညာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော အောင်သီရိလမ်း ကျောက်ချောခင်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၂ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၂၈ရက်က တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရွှေမြင့်မိုရ် အငြိမ့်အဖွဲ့မှ ကပြဖျော်ဖြေရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆန်းကြွယ်က ခေါင်းဆောင်မင်းသမီး ဖြူဖြူနှင်းဆီအား ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်း ပေးအပ်ချီးမြှင့်စဉ်။ (၁၇၁)

ရေဦး အထက(၂) အာစရိယပူဇော်ပွဲ

ရေဦး ဒီဇင်ဘာ ၂၀

စစ်ကိုင်းတိုင်း ရေဦးမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) (ဦးစံမြင့်)ကျောင်းမှ အငြိမ်းစားယူခဲ့သော ဆရာကြီး ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁ရက်တွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ ကျောင်းအုပ်ကြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဖုန်း-၀၇၅-၀၀၁၅၀၊ ဦးထွန်းမင်း (ဗိုလ်အောင်ဇေယျရပ်) ဖုန်း-၀၇၅-၄၀၀၉၇၊ ဦးကျော်သူ (အောင်ရတနာကားသီးသန့်ဂိတ်) မန္တလေး ဖုန်း- ၀၂-၂၁၉၁၉နှင့် ဦးကျော်ကျော်မြင့် ရွှေပြည်သာ အိတ်ချိန်း ရန်ကုန် ဖုန်း-၀၉-၅၁-၃၆၆၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၃၄)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့် အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၅-၁-၂၀၀၉ရက်(တနင်္လာနေ့)

☐ An Introduction to Philosophy of Religion
- ယင်းဘာသာရပ်၏ အခြေခံအချက်များကို စိတ်ဝင်စားသူများ

☐ Client Centered Psychotherapy
- မဟာဝိဇ္ဇာတန်းနှင့် စိတ်ပညာ မဟာသိပ္ပံ (စိတ်ကျန်းမာပညာ) သင်တန်းသားများ

၆-၁-၂၀၀၉ရက် (အင်္ဂါနေ့)

☐ Systems of Ordinary Differential Equations
- မဟာသိပ္ပံပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းသားများ

☐ The Diversity of Life on Earth
- မဟာသိပ္ပံ ဒုတိယနှစ် သတ္တဗေဒအထူးပြုနှင့် Environmental Studies သင်တန်းသားများ

၇-၁-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)

☐ Introduction to Plant Biotechnology
- ပထမနှစ်မှမဟာသိပ္ပံအထိ (ရုက္ခဗေဒအထူးပြုကျောင်းသားကျောင်းသူများ)

☐ မြန်မာ့ရတနာပတ္တမြားနီလာ၏ ဘူမိဗေဒ
- ဘူမိဗေဒအထူးပြု မဟာတန်းကျောင်းသားကျောင်းသူများ

၈-၁-၂၀၀၉ရက် (ကြာသပတေးနေ့)

☐ Angiospermae
- ဒုတိယနှစ်ရုက္ခဗေဒ၊ တတိယနှစ်သတ္တဗေဒအထူးပြု ကျောင်းသားကျောင်းသူများ

☐ Heterocyclic Compounds and Alkaloids
- တတိယနှစ်ဓာတုဗေဒအထူးပြုကျောင်းသားကျောင်းသူများ

☐ Forms of Condensation
- ပထဝီဝင်နှင့်အခြား သိပ္ပံကျောင်းသား ကျောင်းသူများ

၉-၁-၂၀၀၉ရက် (သောကြာနေ့)

☐ Economics (1)Market Interaction:Basic Demand and Supply Analysis
- အဝေးသင်တက္ကသိုလ် စီးပွားရေးအထူးပြု ကျောင်းသား ကျောင်းသူများ

☐ English Literature Poetry
- ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၀-၁-၂၀၀၉ရက် (စနေနေ့)

☐ The Origins of Feudalism
- ပထမနှစ်ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Political and Military Aspects of Feudalism
- ပထမနှစ်ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေ အထူးပြုကျောင်းသား ကျောင်းသူများ

☐ Revival of Trade
- ပထမနှစ်ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေ အထူးပြုကျောင်းသား ကျောင်းသူများ

☐ French Bourgeoisie Revolution
- ပထမနှစ်ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေ အထူးပြုကျောင်းသား ကျောင်းသူများ

☐ Socialist Revolution
- ပထမနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Greek Civilization
- ပထမနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Earth and its Movement
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

၁၁-၁-၂၀၀၉ရက် (တနင်္ဂနွေနေ့)

☐ Study of Taxonomic Description
- တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Anatomy of Dicot & Monocot Stems
- တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Dispersal of Plants
- တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Plant Morphology
- တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Drugs Obtained from Angiosperms
- တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Meristematic Tissues and Permanent Tissues
တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

☐ FUNGI
- တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

တပ်မတော် စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၆၃)ဖွင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြား

ရန်ကုန် ဇန်နဝါရီ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မြန်မာ့ဆန်စပါး သုတေသနဌာနသို့ သွားရောက်ပြီး မျိုးစေ့အစိုဓာတ်တိုင်းတာခြင်းသရုပ်ပြသမှု၊ စူပါအီးအမ်ဘိုကာရှီ သဘာဝမြေဩဇာ၊ အမြန်သုံး စူပါအီးအမ်ဘိုကာရှီမြေဆွေးနှင့် တီကျစ်စာမြေဆွေးများ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုမည့် ပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြော

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြန်မာ့ဆန်စပါး သုတေသနဌာန သင်တန်းခန်းမဆောင်၌ ကျင်းပသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၆၃)သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မှော်ဘီမြို့နယ် ကျောက်ပုန်းကျေးရွာ တောင်သူ ဦးပေါ်၏ လယ်မြေတွင် ဆင်းသွယ်လတ်စပါးမျိုးဖြင့် နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လွတ်လပ်မော်ကွန်းရှည်ပါစေ

✻ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်
ရရန်မျှော်ကိုး အားမာန်ပျိုး၍
ကိုယ်ကျိုးစွန့်ကာ ဆောင်ရွက်ပါမှ
လွတ်လပ်ကြ....
လေးဆယ့်ရှစ်ခု နှစ်ဆန်းစ
ခြောက်ဆယ့်တစ်နှစ် ကြာပြီပ။

✻ လွတ်လပ်သည့်ပြည် နောင်တာရှည်အောင်
ဒို့ပြည်ထောင်၏ မည်သည့်နေရာ
နေတာဖြစ်စေ မြဲခိုင်စေမှု
ပြည်ထောင်စုစိတ် ရင်ဝယ်သိပ်မျှ
မွေးမြူကြလော့။

✻ ပြည်ထောင်စုစိတ် နှိုင်းမဲ့ရိပ်သည်
ချွေးသိပ်ခိုနား တိုင်းရင်းသားတို့
ထိန်းထားအစဉ် သမိုင်းမြင်ဖြင့်
မှန်ပင်ရွှေစစ် မျိုးချစ်သည့်စိတ်
ပုံတူရိပ်တည့်။

✻ စုစည်းညီညာ ပြည်မြန်မာကို
နောင်တာရှည်ပြု ညီနောင်ထု၏
ပြည်ထောင်စုစိတ် မျိုးချစ်စိတ်ဖြင့်
ဂုဏ်မြင့်ထွန်းပြောင် ပြည်သာစေ
လွတ်လပ်ခြင်းဖြင့် မော်ကွန်းနှစ် ထောင်ရှည်ပါစေ။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်—

နေခြည်အေးအောင်

၂၀၀၉ ခုနှစ် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျင်းပမည့် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ကျင်းပပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှ ထိုနေ့ နံနက် ၆ နာရီ ၄၅ မိနစ်မှစတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသော ဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုဖွား တိုင်းရင်းသား စုပေါင်းကာကွယ် မီးအန္တရာယ်

ဒေသအလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းစေခဲ့သည့် တနင်္သာရီတိုင်း မြိတ်မြို့မှ တစ်ခုတည်းသော အထပ်သားစက်ရုံ

➤ သတင်းခရီးသည် - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်) ➤ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဇန်နဝါရီ ၂

တနင်္သာရီတိုင်းသည် ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိရေး စွမ်းဆောင်နိုင်သည့် တိုင်းတစ်တိုင်းအဖြစ် ရပ်တည်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

သစ်ပါးလွှာပြုလုပ်ရန်အတွက် သစ်လုံးကြီးများကို ဝန်ချီစက်ကြီးများဖြင့်သယ်မကာ ဤသို့ခွဲစိတ်ဖြတ်တောက် ပေးရသည်။(မြန်မာ့အလင်း)